# သစ္စာကမ္မဋ္ဌာန်းကျမ်း

[ဒုတိယတွဲ]

၆၄

၁၀၆၆၅

ပဲခူးခရိုင်၊ ဝေါမြို့အပိုင်၊ ပျံလှိုင်သာယာ
မြစ်ကျိုးရွာ၏၊ ကြေငြာထူးမြတ်၊ ရှေးအရပ်၌၊ မပြတ်စုပေါင်း၊
သူတော်ကောင်းတို့၊ ကိန်းအောင်းမှီခိုရာ၊ ခွယ်စုံရှိသော။
အေးမြရွာကောင်း၊ တာထိပ်ကျောင်း၌၊
ကိန်းအောင်းမျှတ၊ သဘာဝကို၊ ရကြပါစေ ယောဂီတွေ၊
နှစ်တွေနှာမ်ရှုပ်၊ အကျဉ်းချုပ်ဖြင့်၊ ရေးထုတ်ဟောပြ၊ အမြဲဆုံးမတော်မူသော

## ဆရာတော် အရှင်ဥတ္တရသည်

၁၃၂၇ခု နှစ်၌၊ သိုက်မြိုက်ရှင်လန်း၊ ရေးစီတန်းသော

# သစ္စာကမ္မဋ္ဌာန်းကျမ်း။

## ( ဒုတိယတွဲ )

ဆရာတော် သက်တော်-၆၇-သိက္ခာတော် ၄၇-ဝါ။

ဤကျမ်း၌၊ မန္တလေး ရတနာပုံ၊ မြို့တည် နန်းတည်၊ ပဌမ သင်္ဂါယနာတင်၊
ဘဝရှင်မင်းတရားကြီး၊ လက်ထက်တော်၌၊
ထင်ပေါ်ကျော်စောခြင်း၊ဂုဏ်သတင်းဖြာဖြာ 'မင်းလှသံ့ယာဟူသောဘွဲ့တံဆိပ်'
ခံနိုင်ခံယူရရှိပေသော၊ စလေဆရာကြီးဦး ပုည၏
ဆရာတဆူဖြစ်တော်မူသော၊ ပဏ္ဍိတဝံသ သိရိပဝရမဟာဓမ္မရာဇာဓိ
ရာဇဂုရုတံဆိပ်နာမံ၊ အပူဇော်ခံတော်မူရသော၊
**ဖန်းမော်ဆရာတော်ဘုရားကြီး၏အစစ်အချီး၊**

အမျိုးမျိုးရေးနည်း၊ အဖုံဖုံရေးထည့်လိုက်ပါသည်။
ကထိကအကျော် ဆရာတော်များအတွက်၊ သက်သက်သာသာ၊ ကျက်မှတ်ခါ
ကဏ္ဏသုခဖြစ်အောင်၊ ဟောဆောင်တော် မူနိုင်ကြပါစေသတည်း။

ကိုယ်ကိုငြိမ်သက်စေ၊ စကားတွေပြောမနေနှင့်၊
တခေယာက်ထဲသင့်အောင်နေ။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေးရိပ်သာ

# ကျမ်းပြုဆရာတော်



ပဲခူးခရိုင်၊ ဝေါမြို့အပိုင်၊ မြစ်ကျိုးတာထိပ်ကျောင်းဆရာတော်
သက်တော် ၆၇-နှစ်၊ သိက္ခာတော် ၄၇-ဝါရ
အရှင်ဥတ္တရ ပုံတော်

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

တံကိဿဟေတု အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံအရိယသစ္စာနံ။ ။

**(မဟာဝဂ္ဂသံယုတ်ပါဠိတော် ၁၂၊ သစ္စသံယုတ်-၁၊ အညတြသုတ္တန်၄၀၄)**

သစ္စာကို မှန်စွာမသိတော့၊ ဒုက္ခကိုသုခထင်ကြပေါ့၊ သုခကိုဒုက္ခထင်ကြပေါ့၊ လူဘဝတော့ ဝေးလှတယ်၊ သစ္စာမသိလို့ဘဲကွယ်၊ ။

လူဘဝအချိန်ကြုံ၊ ကလိန်ခြိုမောင်မလုပ်နှင့်၊ နောင်ရှုပ်လိမ့်မယ်။
ဧရကပတ္တနဂါးမင်းနှယ်၊ လူဘဝကို လိုရင်းမရ၍၊ နောင်အခါတော့ ငိုခြင်းချရမယ်။ ။

ဧရကပတ္တနဂါးမင်းကြီး၊ ကဿပမြတ်စွာဘုရား၊ လက်ထက်တော်က၊ နဂါးဖြစ်လာရတယ်၊ မြေကြီးတယူဇနာ၊ အထက်သို့တက်လာတယ်၊ လူ၏ဘဝကို၊ တခါမျှမရတော့၊ လူ့ဘုံပြည်မှာ ဘုရားဧကန်ပွင့်သည်၊ မပွင့်သည်ကို၊ သိလို၍၊ မိမိ၏ပါးပျဉ်းပေါ်တွင်၊ သမီးနာဂမယ်ကိုတင်၍၊ အေးယဉ်ပခက် လွှဲပေးတယ်၊ အမေး ၇-ချက်တေးသီချင်းဖြင့် မေးစေတယ်၊ ဖြေဆိုတတ်လျှင်၊ နတ်တမျှလှပတဲ့၊ သမီးနာဂမယ်နှင့် လက်ထပ်မယ်၊ နဂါးပြည်ကြီးပါ၊ အပ်ပါမယ်ဟု၊ ကြော်ငြာထား၏။

**အမေးဂါထာ တေးကဗျာ ၂-ပုဒ်၊ အမေး ၇ တွေ။**

ကိံသု အဓိပတိ ရာဇာ၊ ကိံသုရာဇာ ရဇ္ဇိဿရော၊
ကထံသု ဝိရဇော ဟောတိ၊ ကထံဗာလောတိ ဝုစ္စတိ။ ။

ကေနသုဝုယှတိ ဗာလော၊ ကထံနုဒတိ ပဏ္ဍိတော။
ယောဂက္ခေမီ ကထံဟောတိ၊ တံမေအက္ခာဟိ ပုစ္ဆိတော။ ။

နာဂ မယ်လေးကို၊ ရလိုရေးနှင့်၊ အဖြေပေးကြတယ်၊ မပြေလယ်ကြဘူး၊ မြတ်စွာဘုရားက၊ သတ္တဝါများလဲ၊ အကျွတ်တရားရကြမယ်၊ မောင်ဥတ္တရ လုလင်ပျိုလဲ၊ သောတာပန်ဖြစ်မည်ကို၊ သိတော်မူ၍၊ အဖြေ တေးကဗျာ၊ ၂-ဂါထာ သင်ပေးတော်မူတယ်။ ။

ဆဒွါရာဓိပတိရာဇာ။ ရဇ္ဇမာနော ရဇ္ဇိယာရော။
အရဇ္ဇံဝိရဇော ဟောတိ၊ ရဇ္ဇံဗာလောတိ ဝုစ္စတိ၊ ။

ဩဃေန ဝုယှတိဗာလော၊ ယောဂါနုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂ ဝိသံယုတ္တော၊ ယောဂက္ခေမီတိဝုစ္စတိ၊ ။

**အဖြေ ၇-ပါး။**

ဥတ္တရော ဣမံပဋိဂိဏှံ ဂါထာဒွေ့ သော သောတာပတ္တိဖလေ ပတိဋ္ဌဟိ၊
ဥတ္တရလုလင်ပျိုသည်၊ အဖြေဂါထာသင်ရင်း၊ သောတာပန်ဖြစ်လေ၏။

(၁) ဥတ္တရလုလင်ပျို၊ ဖြေဆိုဘို့ရောက်တော့၊ နာဂမယ်ကညာလေးက၊ ကဗျာတေးနှင့်၊ မေးတယ်။ ကိံသု ဓိပတိရာဇာ၊ အဓိပတိပစ္စည်းရှင်၊ မင်းဘုရင်ကို၊ ဖြေဆိုလျှင်၊ ပညာတတ်ကယ်၊ နန်းအပ်ပါမယ်၊ ဖြေခန်းကွယ်။ ။

ဥတ္တရလုလင်ပျို ဖြေဆိုခြင်း။ ဆဒွါရာဓိပတိရာဇာ။ ဒွါရခြောက်မြို့၊ သူပိုင်လို့၊ နန်းတင်လို့ တကျာအမည်တွင်တဲ့၊ ကောရီသခင်မရယ်၊ မင်းဘုရင်အမည် ရတယ်၊ ခြောက်ဝကာမဂုဏ်နှင့်၊ ခြောက်အာရုံစိုးပိုင်နင်းလို့၊ မင်းဖြစ်တော့ တယ်၊ မှတ်တော့ကွယ် နာဂမယ် ။

(၂) နာဂမယ်အမေး။ ။ကိံသုပ္ပဇာရဇ္ဇိယာရော၊ အာရုံခြောက်ချက်၊ မပြစ်ရက်ဘဲ၊ နှစ်သက်စွဲတဲ့မင်းဘုရင်ကို၊ ဖြေဆိုဘို့ကွယ်၊ ပညာရှိတဲ့ပဏ္ဍိတ်ရယ်။ ။

အဖြေ။ ။ရဇ္ဇမာနော ရဇ္ဇိယာရော၊ အာရုံခြောက်ချက်၊ မပြစ်ရက်ဘဲ နှစ်သက်စွဲတာ၊ သမုဒယသစ္စာ တဏှာမည်ဘွင်၊ ကောရီသခင် ဘုရင်အစစ် ဖြစ်ပါတော့တယ်၊ မှတ်တော့ကွယ်၊ နာဂမယ် ။

(၃) နာဂမယ်အမေး။ ကထံသုဝိရဇော ဟောတိ၊ ဝိရဇမည်ခြင်း၊ သော့မင်းကို၊ ဖြေဖို့ပါကွယ်၊ အလိုသိတဲ့ ပဏ္ဍိတ်ရယ်

အဖြေ။ ။အရဇ္ဇံဝိရဇော ဟောတိ။ သမုဒယသစ္စာ တဏှာအစုံ အာရုံတွေ အကုန်ဖြစ်လို့၊ ချစ်ဘို့တဲ့ကင်းပြတ်၍၊ မင်းမြတ်သခင်၊ ထိပ်ခေါင်တင် ဘုရင်တဲ့ ဘုရား၊ ရဟန္တာအရှင်များကို မှတ်တော့မယ်။ ။

(၄) နာဂမယ်အမေး။ ။ကထံမာလောတိဝုစ္စတိ။ အပူကြိုက်တဲ့ လူမိုက်တွေကို၊ ဖြေဆိုလိုက်ကွယ်၊ အလိုသိတဲ့ ကိုပဏ္ဍိရယ်။ ။

အဖြေ။ ။ရဇ္ဇုံမာလောတိ ဝုစ္စတိ၊ ခြောက်ပါးအာရုံ၊ ကာမဂုဏ်ခြောက်ချက်၊ သူ့စုံမက်လို့၊ မပြစ်ရက်၊ မခွဲရက်၊ မခွါရက်ဘဲ၊ စွဲမြဲကြိုက်တယ်၊ လူမိုက်ကြီးလို့၊ မှတ်လိုက်ကွယ်။ နာဂမယ်။ ။

(၅) နာဂမယ်လေးအမေး။ ကေနသုဝုယှတိ မာလော။ သမုဒယသစ္စာ၊ တဏှာကြိုက်တဲ့၊ လူမိုက်သဘော၊ ဘယ်မှာမြောတယ်၊ ကြံပြီးလျှင်၊ ဉာဏ်ကြီးရှင် ဖြေဆိုတတ်က၊ နန်းအပ်ပါ့မယ်။ လက်ထပ်မယ်။ ။

ဥတ္တရလုလင်ပျို ဖြေဆိုခြင်း။ ။သြဃေနဝုယှတိမာလော။ သမုဒယသစ္စာ၊ တဏှာကြိုက်တဲ့၊ လူမိုက်သွယ်သွယ်၊ သြဃထဲဝယ်၊ တလယ်လယ်နှင့်၊ မြောရတယ်၊ မှတ်တော့ကွယ်၊ နာဂမယ်။ ။

(၆) နဂမယ်လေးအမေး။ ကထံနုဒတိ ပဏ္ဍိတော၊ လောကနယ်၊ မြောရတယ်၊ အပြောကကျယ်၊ သြဃ ၄-သွယ်၊ မြစ်ပင်လယ်ကို၊ ဘယ်လိုကူးတယ်၊ ပညာရှိတဲ့ပဏ္ဍိရယ်၊ ဖြေစမ်းပါအုံးကွယ်၊ နန်းအပ်မယ်။ ။

အဖြေ။ ။ယောဂါနုဒတိ ပဏ္ဍိတော။ ဝိပဿနာအလုပ်တွင်ဘဲ့ပညာရှင်တို့၊ ရုပ်နာမ်ကို ထင်စွာမြင်လို့၊ ဖြစ်ပျက်တင်တဲ့၊ မြတ်မဂ္ဂင်၊ လှေဘောင်ကြီးကိုစီးလို့ကူးတယ်၊ မှတ်တော့ကွယ်၊ နာဂမယ်။ ။

(၇) နာဂမယ်ကညာကလေးက ကဗျာတေးနှင့်မေးတယ်။ ယောဂက္ခေမီကထံဟောတိ၊ တံမေအက္ခာဟိ ပုစ္ဆိတော။ ယောဂလေးစုံ၊ ဝေးကုန်တဲ့အရှင်တွေကို၊ဖြေဆိုလျှင် ပညာတတ်ကယ်၊ နန်းအပ်ပါ့မယ်၊ လက်ထပ်မယ်။ ။

သောတာပန်ဖြစ်သော၊ ဥတ္တရလုလင်ပျို ဖြေဆိုခြင်း သဗ္ဗယောဂဝိသံယုတ္တော ယောဂက္ခေမီတိဝုစ္စတိ။ အကြောင်းသမုဒယသစ္စာကုန်၊ အကျိုးဒုက္ခသစ္စာမြုံ၊ လေးစုံယောဂ၊ ဝေးကုန်ကြ၍၊ မိုက်လှတဲ့ အမြစ်ကြီးကဘာသွယ်၊ ကြိုက်ကြတဲ့ အမြစ်ကြီးကတသွယ်။ မြစ်မ ၂-သွယ်၊ ဖြတ်စင်းလိုက်ပြီကွယ်၊ အဘော်ကိုလဲသူမတွယ်၊ လောကီနယ်က၊ ထွက်မြန်းကြွတဲ့၊ ဟိုထက်တန်းက၊ အရှင်မြတ်ကို၊ အစဉ်မှတ်ကွယ်၊ နာဂမယ်။ ။

ဧရကပတ္တနဂါးမင်းကြီးသည်၊ သောတာပန် ဥတ္တရလုလင်ပျို၊ ဖြေဆိုသောတရားတော်ကို ကြားနာရ၍၊ လောက၌ ဘုရားပွင့်ပြီဟုသိသဖြင့်၊ ဝမ်းမြောက်စွာ၊ ဥတ္တရမောင်ကို ခေါ်ဆောင်၍၊ ဘုရားထံတော်ပါးသို့၊ အားလုံး

သွားကြကုန်၏။ ဧရကပတ္တနဂါးမင်းကြီးသည်၊ မြတ်စွာဘုရား၏ခြေတော်ရင်း၌ ဝတ်စင်းပြီး၊ သစ္စာလေးဆင့်၊ ခိုင်လုံးရင့်၍၊ ပွင့်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည်ကား၊ ကဿပမြတ်စွာဘုရား လက်ထက်တော်ကစပြီး၊ ယခုထိ နဂါးဖြစ်ခဲ့ရပါတယ်၊ မြေကြီး အထက်သို့ တယူဇနာတက်ပါပြီ၊ လူ၏အဖြစ်ကို တကြိမ်တခါမျှ၊ မရခဲ့ပါ၊ တရားတော်ကို၊ မနာခဲ့ရပါ၊ ဘုရားရှင်ကို၊ မဖူးမြင်ခဲ့ရပါ၊ ဤကဲ့သို့ ဧရကပတ္တနဂါးမင်းကြီးသည်၊ လူ၏ဘဝ၊ လိုရင်းကိုမရသဖြင့်၊ ငိုခြင်းချ၍၊ လျှောက်ခြင်းကြောင့်။ ။

ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံမစ္စာနဇီဝိတံ။
ကိစ္ဆံသဒ္ဓမ္မဿဝနံ၊ ကိစ္ဆောဗုဒ္ဓါနမုပ္ပါဒေါ။ ။

မနုဿပဋိလာဘော၊ လူ၏အဖြစ်ကို၊ လှလှရခြင်းသည်။ ကိစ္ဆော၊ ငြိုငြင်၏။ ဒုလ္လဘော၊ ရခဲ့၏။

မဟာန္တေန ဝါယာမေန၊ မဟန္တေနကုသလေန လဒ္ဓတ္တာ
မနုဿတ္တ ပဋိလာဘောနာမ ကိစ္ဆော ဒုလ္လဘော။ ။

ကုသိုလ်တရား ကြိုးစားအားထားနိုင်ကြမှ၊ လူ၏ဘဝကိုလှလှရကြမယ်၊ မေ့လျော့ပေါ့တန်၍၊ မနေကြနှင့်၊ ကုသိုလ်တရား လုံးလထားကွယ်၊ လူ၏ဘဝ လှလှရမယ်၊ ဧရကပတ္တ နဂါးမင်းနယ်၊ နောင်ခါဝယ်၊ လူဘဝလိုရင်းကိုမရ၍၊ ငိုချင်းချရမယ်၊ တပည့်များ သနားလို့ ဆုံးမမယ်၊ မှန်းကြနှင့်ကွယ်၊ ရွှေအိုးပြ မိတ်သဘွယ်၊ သင့်စိတ်ဝယ် မြဲမှတ်စွဲ။ ။

လူ့ဘဝအချိန်ကြုံ၊ ကလိန်ခြုံမောင်မလုပ်နှင့်၊ နောင်ရှုပ်လိမ့်မယ်၊ လူဘဝ အချိန်ကြုံ၊ ကလိန်ခြုံမယ်မလုပ်နှင့်၊ အမယ်ပုတ်ချိခင်သဘွယ်၊ ရှုင်းလို့မလွယ်၊ ဝါးရုံခက်သဘွတ်အူနှယ်၊ မကျွတ်သူခံအုံးတော့၊ ဥာဏ်တုံးလို့ ရပ်နာမ်မထင်၊ ရှင်းဘို့မမြင်၊အလင်းကိုမှ၊ သင်မဝင်လျှင်၊နောင်အစဉ်ပျက်အုံးမယ်ကွဲ့လေး။ ။

လူပျက်လူမိုက်၊ မကောင်းကြိုက်။ လူနှမ်းလူရူး၊ မကောင်းဘူး။ လူပေါ့ လူအ၊ ပေါ့ဆဆ၊ လူနုလူနုံ နှင့်ဖြစ်ပုံ၊ ဘယ်သူခြောက်ခြောက်။ ငါမကြောက်၊ အပူမကြောက်တန်း၊ လူပေါက်ပန်း၊ ပေါက်ပန်းသဘွယ်၊ အနံ့ပြယ်၊ အမွှေး မရှိတယ်၊ မနှန်းကြနှင့်ကွယ်၊ လူလက်ခုတ်ပွင့်၊ စက်ဆုပ်သင့်တယ်၊ မပေါင်းကြ နှင့်ကွယ်။ ။

လူကျင့်ပျက်ပျက်၊ မောင်လူပျက်၊ မနှစ်သက်ဘွယ်ဖြစ်ဘော့တယ်။ လုပြိန်းလူဘိန်း ဉာဏ်မကိန်း၊ တိမ်းရိန်းမိုက်တော့တယ်၊ လူမဟူရ၊ လူဟူ၍လဲမဆိုရ၊ လူမဟုတ်သလို။ နှပ်မချီ၊ လုပ်ပုံကိုက သုံးမကျ၊ လူချင်းမတူ၊ သူချင်းမမျှ၊ နေပုံကြီးက အ.တတ၊ လုပ်ပုံကြီးက နတတ၊ ပြောပုံကြီး.က လူဗာလ၊ မဖြစ်ရအောင်၊ သင်ကြမောင်၊ လူလိမ္မာကလေးတွေ၊ သားလိမ္မာကလေးတွေ၊ သွီးလိမ္မာကလေးတွေ၊ ဖြစ်ကြပါစေ၊ ဟိုဘဝကမိုက်လို့ အခုမိုက်တယ်၊ အခုမိုက်ရင်၊ နောင်လဲမိုက်အုံးမယ်၊ ဟိုဘဝကကောင်းလို့၊ အခုကောင်းတယ်၊ အခုကောင်းရင်၊ နောင်ကောင်းကြလိမ့်မယ်၊ မသိမိုက်တူး၊ ပျော်ရစ်မူး၊ အရှူးသွက်သွက်ခါ၊ မဖြစ်ကြစေရာ၊ လိမ်မာကြပါ၊ လိမ်မာမှချမ်းသာကြွယ်မယ်။ ။

ကိစ္စံမစ္စာနဇီဝိတံ။ အသက်မွေးရဘာ ပင်ပန်းဆင်းရဲလှဘယ်။

ဝမ်းစာဝရေး ရှာကျွေးခါခါ၊ အလွန်ဝန်လေး ပူဘေးဖြာဖြာ၊
သည်မိုက်တလုံး မဆုံးနိုင်ပါ၊ ကျွေးမဝ လေးလှသည်ခန္ဓာ။ ။

ကိစ္ဆံသဒ္ဓမ္မသဝနံ။ တရားတော်အသံ၊ နာခံကြဘို့ခက်ကယ်ကွဲ၊ မပျင်းကြနှင့် ကြိုးစားတရားနာကြပါ။

အနေကေသုပိ ကပ္ပေသု ဓမ္မဒေသကဿ ပုဂ္ဂလဿ
ဒုလ္လဘတာယသဒ္ဓမ္မသဝနမ္ပိ အတိဒုလ္လဘံ။ ။

ဘဝများစွာ၊ သံသရာက၊ ဓမ္မကထိက ရှားလှလို့။ တရားနာကြားကြဘို့၊ လွယ်လွယ်မရ၊ ခက်ခဲလှ၏၊ တောထဲကသမင်၊ မြက်ပင်ကိုစား၊ ရဘနာများကိုတော့ အလကားထင်၊ ပုံသွင်ခဲဘူရ၊ ဓမ္မရတနာ၊ ရသာရေပေါက်၊ သောက်စားလိုက်ကြပါ။ ။

(ဓမ္မပဒ ပါဠိတော်နှင့် အဋ္ဌကထာ ၁၄၊ ဗုဒ္ဓဝဂ္ဂ ၃၊ ဧရကပတ္တနဂါးမင်းဝတ္ထု၊ ၁၄၉)

## “ဥယျောဇဉ်”

ရုပ်တလုံး နာမ်တလုံး၊ ရှုကြည့်ပါအုံး၊ လူညွန့်မတုံးကြစေနှင့်၊ ပညာကိုလဲမဖုံးလေနှင့်၊ လုပ်ထုံးရှိတယ်၊ လုပ်ကြည့်ကွယ်၊ အလုပ်ကသင့်ကို၊ သင်ပြပါလိမ့်မယ်။ ။

နာမ်ရုပ်အဟုတ်မြင်၊ ဘုရားသခင်ကျေးဇူးတင်၊ ဘုရားကိုလဲမြင်၊ တရားကိုလဲမြင်၊ သံဃာကိုလဲမြင်၊ နိဗ္ဗာန်ထိအောင်မြင်၊ ပုထုဇဉ်ဘို့ နိဗ္ဗာန်မြင်ဘို့ ပြုကြစို့။ ။

ရုပ်နာမ်ရှိတာက သံသရာနယ်၊ ဖြစ်ပျက်မဆုံးတယ်၊ သေကြရအုံးမယ်၊ ရုပ်နာမ်ပျောက်ကွယ်၊ နိဗ္ဗာန်နယ်၊ ဖြစ်ပျက်ကင်းတယ်၊ မသေရဘူးကွယ်။ ရုပ်နာမ်ပျောက်ကွယ်၊ နိဗ္ဗာန်ရောက်မယ်၊ အောက်သို့ပြန်မလယ်၊ အနတ္တပေါက်တယ်၊ တယောက်ထဲသင့်အောင်နေရမယ်၊ ပယ်လေးဘုံ သင်မရောက်၊ နိဗ္ဗာန်ပေါက်တရားပေ၊ တယောက်ထဲသင့်အောင်နေ- လွယ်ဘယ်လေမထင်ကြနှင့် တဏှာသင့်အဘော်၊ ခွဲလိုက်ပါနော်၊ တဏှာနှင့်ကွဲ၊ သင့်ကိုဘဲ၊ အမြဲနိုင်းမယ်နော်၊ တပည့်များ သနားလို့ဆုံးမမယ်၊ မုံးကြနှင့်ကွယ်။ ရွှေအိုးပြမိတ်သဘွယ်၊ သင့်စိတ်ဝယ်မြဲကြ၍ကြပ်စွဲ၊ ပူးကပ်မှ၊ ထူးမြတ်နိုင်မယ်၊ ပညာသယ်ဆည်းကပ်လို့မြဲ။ ။

နိဓိနံ၀ ပ၀တ္တာရံ၊ ယံပဿေ ၀ဇ္ဇဒဿိနံ။
နိဂ္ဂယှ၀ါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျောဟောတိ နပါပိယော။
(ဓမ္မပဒပါဠိတော် ၆၊-ပဏ္ဍိတဝဂ္ဂ -၁-ရာဓထေရဝတ္ထု ၂၄)

နိဓိနံ၊ မြေ၌မြှုပ်ထား ရွှေအိုးများကို၊ ပ၀တ္တာရံ၊ အာစိက္ခိတာရံ မိဘုံ၊ ပြောလာပေသောမိတ်ဆွေကို။၊ ယံပဿေ ဇ၀၊ အကြင်သို့ ကျေးဇူးတင်ခါ၊ ဝမ်းသာစွာပြ၍၊ ရှုရသကဲ့သို့၊ ၀ဇ္ဇဒဿိနံ၊ အပြစ်ကြီးအပြစ်ငယ်၊ အသွယ်သွယ်အဝဝကို၊ ဘော်ပြတတ်သော နိဂ္ဂယှ၀ါဒိံ၊ နှိပ်နင်း၍၊ ဆုံးမခြင်းရှိသော။ မေဓာဝိံ၊ မေ့ဓာဇပညာယ သမန္နာဂတံ အာစရိယံ၊ တရားသြဇာ၊ အဖြာဖြာတို့နှင့်၊ ပြည့်စုံပါသောဆရာကို။ ပဿေ၊ ပိယဒဿေယျ၊ ချစ်ကြည်ညိုမှာ၊ အခါခါကျေးဇူးတင်၍- ဖူးမြင်ရာ၏။ တာဒိသံပဏ္ဍိတံ ထိုသို့သဘောရှိတဲ့။ ပညာအသိ၊ ပြည့်ဝစုံလင်၊ ဆရာရှင်ကို။ ဘဇေ၊ ပယိရုပါသေယျ၊ အမြဲမပြတ်ဆည်းကပ်ပါလော၊ တာဒိသံ အာစရိယံ၊ အမြဲမပြတ်ဆုံးမတတ်စွာ၊ မြတ်ဆရာကို။ဘဇမာနဿ၊ အန္တေဝါသိကဿ၊မှီဝဲဖြာဖြာ၊ဆည်းကပ်လာသော၊ တပည့်လိမ်မာအား၊ သေယျော၊ မြတ်သည်။ နပါပိယော၊ မယုတ်မာသည်၊ဟောတိ၊ ဖြစ်၏။
(ဓမ္မပဒ အဋ္ဌကထာ-အနက် ၃၄၇)

ဩ၀ဒေယျာ နုသာသေယျ၊ အသဗ္ဘာစ နိ၀ါရယေ။
သတံဟိသောပိယော ဟောတိ၊ အသတံဟောတိ အပ္ပိယော။ ။

ဩဝဒေယျ၊ အပြစ်ကိုပြ၍၊ ဆုံးမရမယ်၊ မျက်မှောက်ရှေ့ဝယ်၊ ဆုံးမရမယ်၊ ရှေးဦးစွာဆုံးမရမယ်။ အနုသာသေယျ၊ အပြစ်မရောက်ခင်၊ ကြိုတင်ဆုံးမရမယ်၊ မျက်ကွယ်ဆုံးမရမယ်၊ ခဏခဏဆုံးမရမယ်။ အသဗ္ဘာစ၊ မသင့်မတော် မလျော်သည်ကိုလည်း။ နိဝါရယေ၊ တားမြစ်ရမယ်၊ သူတော်ကောင်းအစစ်က ချစ်ကြမယ်၊ သူယုတ်မာအသွယ်သွယ်က မေတ္တာပြယ်။

ဖြဟ္မဒဏ္ဍော ဒါတဗ္ဗော။ တရားဘက်၍၊ ဆုံးမခက်တော့၊ ဗြဟ္မဒါန်ချက်ဖြင့်၊ နှိပ်စက်ရမယ်၊ စကားမပြောနှင့်ကွယ်၊ အသင်းခွဲ တယောက်ထဲ၊ ထားလိုက်ကွယ်၊ မောင်ဆန်ပုံသို့နှယ်။ ။

(ဓမ္မပဒ အဋ္ဌကထာ ၆–ပဏ္ဍိတဝဂ္ဂ–၃၅၀၊ ပုဒ်ရေ–၇၁)

ကျောက်တောင်ပမာ၊ ခိုင်ခန့်ပါ၊ဘယ်သူပြောပြော၊ မလှုပ်ရာ၊ ရေကန်နက်တော့ ရေကြည်လျှံ၊ ပညာနက်တော့ အသိမြန်၊ တရားတွေ့တော့၊ စိတ်ကြည်ပြန်။ ။

(ဓမ္မပဒ ပါဠိတော်၊ ၆၊ ပဏ္ဍိတဝဂ္ဂ– ပုဒ်ရေ–၈၂)

သုခေနဖုဋ္ဌာ အထဝါဒုက္ခေန။ ချမ်းသာတွေ့လဲငြိမ်ငြိမ်နေ၊ ဆင်းရဲတွေ့လဲ သည်းခံလေ၊ ပဏ္ဍိတဟုမှတ်ကြပေ။ ။

(ဓမ္မပဒပါဠိတော် ၆၊ ပဏ္ဍိတဝဂ္ဂ ပုဒ်ရေ ၈၃။)

နဣစ္ဆေယျ၊ အဓမ္မေန သမိဒ္ဓိမတ္တနော။ အဓမ္မေန၊ အမှားကြီးမှား၍၊ မတရားသောအားဖြင့်။အတ္တနော မိမိ၏၊ သမိဒ္ဓိ၊ ပြည့်စုံခြင်းကို။။ နဣစ္ဆေယျ၊ အလိုမရှိရ။ ။

မတရားတာကို၊ မလိုကြနှင့်ကွယ်၊ ပညာရှိလို့မှတ်ရမယ်။

အပ္ပကာတေမနုဿေသု၊ ယေဇနာ ပါရဂါမိနော။ ယိုမှာဘက်စွန်း၊ နိဗ္ဗာန်ကမ်းသို့၊ ကူးသန်းရောက်တယ်၊ အနည်းငယ်၊ သက္ကာယဒိဋ္ဌိ၊ စွန်းငြိနှောင့်ရှက်၊ ဤမှာဘက်ဝယ်၊ ပြေးနေကြရတယ်၊ တရားအလုပ်၊ ကြိုးအားထုတ်သူ၊ယောဂီဖြူတို့၊ တေဘူဝင့်ခမ်း၊ ထိုမှာကမ်းသို့၊ ကူးသန်းတက်တယ်၊ ပဏ္ဍိတလို့မှတ်ရမယ်။ ။

ဩကာနိက္ခမိတွာ။ သမုဒယသစ္စာ၊ တဏှာနှောင်ကြိုး၊ ဖြတ်ချိုးထွက်ကွယ်၊ ပညာရှိမှထွက်နိုင်တယ်၊ ။

တတြာဘိရတိ မိစ္ဆေယျ။ ကိလေသာ နှင်းနယ်တာတွေ၊ ခံမနေနှင့်ကွယ်၊ အပေါင်းအဖော်ကိုပါယ်၊ တယောက်တည်းပျော်ပျော်ကြွေးနေကြကွယ်။ ။

ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။
ဦးပဏ္ဍိတ့်၊ ကိုပဏ္ဍိတ့်၊ စိတ်၏ညစ်ပေ၊ မဖြစ်စေနှင့်၊ စိတ်နှလုံးတွင်၊ ဖြူဖြူစင်မှ၊ ပဏ္ဍိတကျော်၊ ပညာရှိလို့ ခေါ်ကြမယ် ။

ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာစိတ္တံ သုဘာဝိတံ၊
မဂ်အင်္ဂါဗောဇ္ဈင်မြတ်၊ စိတ်မှတ်လို့ပွါးကွယ်၊ ကိလေသာ အကုန်ပယ်မယ်၊နိဗ္ဗာန်နယ် မောင်မယ်မြန်းပေါ့၊ ချမ်းသာတော့တယ်၊ ။

(ဓမ္မပဒပါဠိတော် ၆၊ ပဏ္ဍိတဝဂ္ဂ)

တဏှာမြဲလျှင်၊ ပုပ္ပဝင်မရှင်ပြနေ့တိုင်း၊ သံသရာခန္ဓာတိုင်းဝယ်၊ ရုံဘယာမှန်စွာငိုင်းတယ်၊ ရိုင်းပေါ့အပူမစဲနိုင်ဘု၊ ခိုင်းတော့သူဘဲ၊ တဏှာကိုအဘော်မလုပ်နှင့် ခွဲထုတ်လိုက်။ တဏှာနှင့်ဘဲ့ သင့်ကိုဘဲ၊ အမြဲခိုင်းလိမ့်မယ် ကြောက်လန့်ကြလေကွယ်၊ သင်တုံးသွားဝယ်၊ ပျားစက်နှယ်၊ ယက်သူလျှာကွဲမယ်၊ပုံပြင်ကို စုံလင်ကြည့်၊ သိသူများလမ်းဖြောတယ်၊ ချမ်းသာမယ်။ ။

---

## ဆရာတော်ရေးသား၍ ရှုဒါန်းပြီးသော ကျမ်းများ။

ဝိနယူပဒေသာစာတန်း။
ဒွေတယောကောနသာဝန ဒီပနီကျမ်း ကမ္မဝါဘတ်နည်း။
ဘာဝနာ နိယာမသာရ ဒီပနီကျမ်းသစ်၊ ၃-တွဲ၊စာမျက်နှာ ၄၀၀။
လောကုတ္တရာ မဟာဓမ္မ ဝိဇ္ဇာမိရိလမ်းစဉ်မြတ် မင်္ဂင်။
သပိတ်သွတ်ကျမ်း။
သစ္စာကမ္မဋ္ဌာန်းကျမ်း ပဌမတွဲ။ ဒုတိယတွဲ။
စာအုပ်ရိုက်ခ ကုန်ကျငွေ ၉၀၀၀၊ စာအုပ်ရေပေါင်း (၁၀၀၀၀)
သစ္စာကမ္မဋ္ဌာန်းကျမ်းကို လှူဒါန်းကြသော၊ ကောင်းမှုရှင်တို့မှာ သစ္စာလေးအင်ကို၊ အမြန်သိမြင်၍၊ နိဗ္ဗာန်ခွင် အထက်နန်းသို့၊ အမြန် တက်လှမ်းနိုင်ကြပါစေသော်။ ။

သစ္စာကမ္မဋ္ဌာန်းကျမ်းဂန်ကို၊ ပြုစီမံရ၊ ကုသလကြောင့်၊ ချမ်းမြဲအေးကြူ၊ ပြည်နိဗ္ဗူလျှင်၊ အမြဲနံဝင်ရ၊ ဝဋ်ဒုက္ခဘေး အေးရပါစေသော်၊ ။
အများသတ္တဝါ၊ ဘယာကင်းဝေး၊ ရန်ဘေးမထင်၊ ကြည်လင်အေးချမ်းနိဗ္ဗာန်နန်းတက်လှမ်းနိုင်စေသော်။ ။
ငါးထောင်သာသနာ၊ အရှည်ကြာအောင်၊ သစ္စာကမ္မဋ္ဌာန်း၊ ဤသည့်ကျမ်း၊ ရှုမှန်းမိုလ်ခြေ၊ များဝေနေ၊ သိစေလျှက်၊ မဂ်ဖိုလ်တက်၊ မပျက်တည်စေသော်။ ။

# မာတိကာ


| ပုဒ်ရေ | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| ၁။ | သစ္စာသိမြင်ဘုရားရှင်ကို ဦးတင်ခြင်း၊ .... | ၁ |
| ၂။ | အကျင့်မြတ် ပဋိပတ်ဖြင့် ပူဇော်ခြင်း၊ .... | ၁ |
| ၃။ | ဘာ့ကြောင့်တရားအလုပ်အားထုတ်ကြသလဲ၊ .... | ၃ |
| ၄။ | ထိုသို့ဘဝပယ်၊ ဘယ်သစ္စာနှင့်စ၍၊ ဖြစ်လာကြသလဲ၊ .... | ၃ |
| ၅။ | မသိမိုက်တူး ပျော်ရစ်မူး၊ အရှုံးသွက်သွက်ခါ၊ .... | ၄ |
| ၆။ | အရှုံးပျောက်ဘို့၊ ဆေးသောက်စို့၊ .... .... | ၅ |
| ၇။ | အနတ္တမြင်မှု သဘောရှု၊ .... .... .... | ၆ |
| ၈။ | အဟုတ်မြင်, အမှန်ထင်ပုံ၊ .... .... | ၇ |
| ၉။ | ဟိုတုံးကမိုက်လာတဲ့အချိုးမို့၊ အခုမကြိုက်တာနဲ့လာဘိုး၊ | ၇ |
| ၁၀။ | မြတ်စွာဘုရားက အနတ္တလက္ခဏာသုတ်နှင့် နိဗ္ဗာန်တင်၊ .... | ၈ |
| ၁၁။ | ကိုယ်လုပ်မှကိုယ်ရမယ်၊ .... .... | ၈ |
| ၁၂။ | ဘယ်ထားမနှင့် ဖြတ်ကြမည်လဲ၊ .... .... | ၉ |
| ၁၃။ | သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ၊ နတ်သားတယောက်၊ မြတ်စွာဘုရားကို လျှောက်တင်လွှာ၊ .... .... | ၉ |
| ၁၄။ | သည့်အရှုပ်ကို ဖြိုထုတ်လို၊ ... .... | ၁၀ |
| ၁၅။ | အရှင်ပေါဋ္ဌိလကမ္မဋ္ဌာန်း၊ .... .... | ၁၀ |
| ၁၆ | ပညာအရေး သတိပေးမယ် ... .... | ၁၁ |
| ၁၇။ | ခဏ်ပေါက်၍နိဗ္ဗာန်ရောက်ခြင်း၊ ... | ၁၁ |
| ၁၈။ | အလုံးစုံ အကုန်သိမ်းပျောက် ဖြစ်ပျက်ကြည့်ရှုဆင်ခြင်၍၊ နိဗ္ဗာန်ဝင်ခြင်း | ၁၁ |
| ၁၉။ | သံသရာရှည်သည်တွေ ပါလိုက်ပါရစေ၊ .. | ၁၂ |
| ၂၀။ | တရားအလုပ် ကြိုးအားထုတ်လျှင်၊ ဘုရားသခင်မျိုးစွန်းသင်၊ တရားတော်၌ ပျော်မြူးသူကို ချီးကြူးတော်မူပုံ၊ .... | ၁၂ |

၂၁။ မဟာကပ္ပိနအကျော်၊ အနော်ဇာဒေဝီတို့၊ တရားအဆီရစ်သော သဘော၊ တမေ့တမော မေ့မြောနေခြင်း၊ .. ၁၃

၂၂။ ဥာဏ်မထွက်တော့စကော်သယ် ဥာဏ်ထွက်သွဲ့တော့၊ ရှက်ကွဲဘွယ်၊ ၁၅

၂၃။ ဥာဏ်မှန်မှန်ထွက်တော့၊ စက်ပျက်မယ်၊ အချိန်ရှိခိုက်၊ အားစိုက်ကွယ်။ .... .... ၁၅

၂၄။ ဥကွောင်း၌ နားမစုံ၊ လူဘူးသီးလို့မှတ်ကြကုန်၊ .... ၁၅

၂၅။ တပည့်များ သနားသို့ ဆုံးမမယ်၊ မှုံးကြနှင့်ကွယ်၊ ရွှေအိုးပြ မိက်သဘွယ်၊ သင့်ဝိတ်ာယ်မြကြပ်ကြပ်ခွဲ၊ .... ၁၆

၂၆၊ ပါးစပ်နှင့် အပြီးမယတ်နှင့်ကွယ်၊ ကြိုးကြိုးကုဘ်ကုတ်၊ အားထုတ်နိုင်မှ ပြီးကြမယ်၊ .... .... ၁၆

၂၇။ ကုသိုလ်ကိုမကြောက်ဘဲ၊ အားခဲပြီးပြုကြ .. ၁၇

၂၈၊ အရှင်သောဏက၊ ပဓွေကာဗုဒ္ဓါက၊ ဗ်ောင်ဘော် အရိန္ဒမ မင်းကြီးအား၊ သဘောကျအောင်။ ဥပမာဆောင်၍၊ တရားပြ တော်မူခြင်း၊ ... .... ၁၈

၂၉။ သမုဒယ ကာမအညစ်၊ စွန့်ပယ်ပစ်က၊ ချမ်းသာရမယ်တကျာပယ်၊ ၁၉

၃၀။ သုသိမဇာတ်သွား မှတ်သား၍ရေးသိုက်မယ်၊ .... ၁၉

၃၁။ သံသရာခရီးသည်၊ ဘယ်ဌာနမှာ နားရမယ်၊ ... ၂၀

၃၂။ ရှေးရှေးအလောင်းတော်ဘုရား၊ ကောင်းဘောင်းကြွဘော် မှုတ်လမ်းတောင်း၊ .. ... ၂၀

၃၃။ တကျာအပေါ်နှင့်၊ ဘုမချော်ပျော်စိုင်းနေလျှင်၊ သင့်ကို နိုင်းစေအုံးမယ်၊ ... ... .... ၂၁

၃၄။ မောင်မယ်များ နားကြစို့၊ .... .... ၂၂

၃၅။ အရိယာတို့ ထောက်တည်လို့ နားနေ၊ .... ၂၂

၃၆။ မမေသိဘ်သော်လဲ၊ အနော်အိပ်ချင်မှဖြစ်မယ်၊ .... ၂၃

၃၇။ ချမ်းသာရေးလျှုပြမယ်၊ ယူကြကွယ် .... ၂၃

၃၈။ ခန္ဓာအိမ်ဥာဏ်နှင့်ရှင်း၊ ရန်ပင့်တွင်းလွှတ်နိုင်တယ် ဘယ်ပုံရှင်းကြမယ်၊ ရှင်းနည်းပြမယ် မှတ်ကြပါကွယ် .... ၂၃

၃၉။ သည်အိမ်ကြီးနေပြီးလျှင်၊ အိမ်သစ်ပြောင်းတို့ ဘခါပြင်၊ ၂၃
၄၀။ အိမ်ငှါးအိမ်ရှင်ပမာလား၊ ဦးရွှေလယ်ဘို့သတိထား၊
ဒေါ်ရွှေလယ်တို့သတိထား၊ .... .... ၂၄
၄၁၊ ရှင်သေမင်းနှစ်ခင်းပြိုင်နေတယ်၊ .... . ၂၅
၄၂၊ အို၊ နာ၊ သေ၊ မွေး၊ လူကလေးရယ်၊ ဖြစ်ကြရအုံးမယ်။ ၂၅
၄၃။ အိုသေ၊ နာသေ၊ နွေတိုင်းသေ တွေ့လေမမြင်လား၊ ... ၂၅
၄၄။ သစ္စာလေး၊ အမြတ်ဆေးကို၊ မစားလျှင်ငိုပွဲဝင်၊ .... ၂၇
၄၅။ တဏှာအစေးသည်၊ သံချေးနှင့်ဘူ၏၊ .. ၂၇
၄၆ တဏှာကိုလက်ခလျှင် သေဘို့သာပြင်ကြပေတော့၊ .... ၂၈
၄၇။ သည်ခန္ဓာအပုတ်၊ ကိုယ်ပိုင်မဟုတ်၊ဟုတ်တယ်လို့ထင်၊သူမိုက်ပင် ၃၀
၄၈။ လူမိုက်ကြီးတမျိုး၊သူမိုက်ကလေးတမျိုး၊ လူမိုက် ၂မျိုးကြိုးစားမှတ်၊ ၃၀
၄၉။ လူမိုက်သည် မကောင်းမှုကို၊ပျားလိုချိုတယ်၊ .... ၃၁
၅၀။ အန္ဓဗာလထိုစာရင်း၊ မြန်မြန်ဖြတ်မှ အသေကောင်း၊ .... ၃၁
၅၁၊ အပျင်းဆွဲတယ် ဆင်းရဲမယ်၊ .... ၃၂
၅၂။ ခိုင်းတော့သူ့ဘဲ ... .... .... ၃၂
၅၃။ ကျေးဇူးမျှင် အမှန်ကိုသယ်မည်ကြံတဲ့သမုဒယသစ္စာတဏှာမိုက် ၃၃
၅၄၊ တဏှာထန်ပြင်းလို့၊ အတောမသတ်နိုင်တော့ သိကြားမင်းကို
သက်မည်ကြံခြင်း၊ .... .... .... ၃၄
၅၅။ သမုဒယသစ္စာတဏှာက၊ ဈာန်ရှင်ကိုလဲသူမသွာလို့၊
ရသေ့ခမြာကြီးမှာ၊ တဏှာမီးလောင်ခြင်း၊ .... ၃၅
၅၆။ သမုဒယသစ္စာ၊ တဏှာမြှားစူး၍ ဈာန်နှင့်ပျော်မွေ့တဲ့
သက်ပုရသေ့ကြီး၊ မှုံ့မေ့နေခြင်း ... ၃၅
၅၇ ဟရိကေ ဈာန်ပြန်ရသေ့၊ ဈာန်မွေ့ပျင်းလစ်၍၊ အပေါင်းပြတ်
တဲ့၊ ကျီးငှက်လိုဖြစ်ခြင်း၊ ... ... ၃၆

# ဆုတောင်း

သစ္စာကျွမ်းပြု၊ မြတ်ကောင်းမှုကြောင်း၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ- ရောင်ဝါနေလိုထွန်းပါစေ၊
ဘုရားသားတွေ၊ ရဟန်းတွေ၊ ချမ်းသာကြပါစေ၊
အားလုံးလူများ၊ ချမ်းသာပွါး၊ ဘေးများကင်းပါစေ။ ။

## အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၉။ | ၁၂၊ | ဗဟိဇတိ | ဗဟိဇာတာ |
| ၉။ | ၁၂၊ | ဇတာယဋ္ဌိတာပဇာ | ဇတာယပဋ္ဌိတာပဇာ |
| ၁၀။ | ၇၊ | အလိမ်ခြီ | ကလိမ်ခြီ |
| ၁၁။ | ၁၄၊ | ဝိသုဒ္ဓဟောတိ | သုဝိသုဒ္ဓဟောတိ |
| ၁၅။ | ၂၄၊ | သင်္ဂါလ | သိင်္ဂါလ |
| ၁၆။ | ၂၊ | နှံအချာအပြစ်သွဲ | နှံအချာအပြစ်ပွဲ |
| ၂၀။ | ၁၃၊ | အားမနာနှင့် | အားမငယ်နှင့် |
| ၂၀။ | ၁၉၊ | ပုဗ္ဗတေဟိ | ပုဗ္ဗကေဟိ |
| ၂၀။ | ၂၄ | နစိရဿေဝ | နစိရဿေဝ |
| ၂၅။ | ၁၁၊ | အားလုံးခွဲရှာ | အားလုံးခွဲရရှာ |
| ၂၇။ | ၇၊ | ဘယ်ကကစဖြစ်လာရတယ်၊ | ဘယ်ကစ၍ဖြစ်လာတယ်၊ |
| ၂၇။ | ၈၊ | အမိ၏အစာသစ်ကိုရှာ | အမိ၏အစာသစ်ကိုရှက် |
| ၂၇။ | ၂၁၊ | မပယ်ဒါ | မယ်ပဋ္ဌာ |
| ၂၉။ | ၁၊ | ကာကဏ် | ကာဏာဏ် |
| ၂၉။ | ၁၆၊ | ယမုဒယသစ္စာ | သမုဒယသစ္စာ |
| ၂၉။ | ၂၉၊ | တရားသူကြီး | တရားဘုရားကြီးကို |
| ၃၀။ | ၂၅၊ | သောသောတာပါန် | သောတာပါန် |
| ၃၁။ | ၁၁၊ | ဗာလာနံ | ဗာလာန |
| ၃၁။ | ၁၁၊ | အဝိဇ္ဇနတ် | အဝိဇ္ဇာနတ် |
| ၃၂။ | ၁၃၊ | အရှူး | အရှင်း |
| ၃၂။ | ၂၆၊ | ငြိးငွေ့မပေ | ငြီးငွေ့မပေ |

# သစ္စာကမ္မဋ္ဌာန်းကျမ်း-ဒုတိယတွဲ

## ၁။ သစ္စာသိမြင် ဘုရားရှင်ကို ဦးတင်ခြင်း။

သစ္စာသိမြင် ဘုရားရှင်ကို၊ ကြည်လင်ဝပ်လျှိုး၊ ရှိရှင်ခိုး၊ ရန်မျိုးကင်းစေ
သား။ ။

သစ္စဉ္စ ဒေသေတုံ့စ သုဒုက္ကရာ။

(သမ္မော၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ။ ၁၅၃)

အလွှန်ခက်ခဲ၊နက်နဲတဲ့မြတ်သစ္စာ၊ မှတ်ရစ်ပါ၊ ချမ်းသာကွဲ့၊ အလွှန်များ
အဟုတ်မြင်လျှင်၊ ဒုက္ခအကုန်စင်ဘို့၊ တို့အရှင် ဟောတော်ကြားတယ်၊ နိဗ္ဗာန်မြို့
သွား။ ။

သစ္စာလေးဆင့်၊ ခိုင်လုံးရင့်၍၊ ပွင့်တော်မူသော မြတ်စွာဘုရားအား၊
ဦးညွတ်ကျိုး၍၊ရှိခိုးပါ၏။ တပည့်တော်တို့၏ အသက်ကို၊ ဆက်ကပ်လှူဒါန်းပါ၏။
ဤကောင်းမှုကြောင့်၊ သစ္စာလေးတန်၊ တရားမှန်ကို၊ အမြန်သိရပါလို၏။
ဤကုသိုလ်ကြောင့်၊ အားလုံးလူတွေ၊ အားလုံးနတ်တွေ၊ အားလုံးသတ္တဝါတွေ၊
အားလုံး သံဃာတော်တွေ၊ သစ္စာလေးတန်၊ တရားမှန်ကို၊အမြန်သိကြ၍၊ရန်ကင်း
ကြပါစေ၊ ကြောင့်ကြခြင်း ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊မိမိကိုယ်ကို၊
ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ၊ ဆင်းရဲ ကင်းကြပါစေ၊ ရအပ်ပြီး
သော စီးစိမ်ဥစ္စာမှ၊ မဆုတ်ကြပါစေနှင့်။ ။

## ၂။ အကျင့်မြတ် ပဋိပတ်ဖြင့် ပူဇော်ခြင်း စသည်တို့ကိုပြဆိုခြင်း။

ပဋိပတ္တိခမ္မေန ပူဇေမ။ ရပ်နာခ် ၂ ချက်၊ ဖြစ်ပျက်တင်သော၊ မြတ်မဂ္ဂင်
ဖြင့်၊ သစ္စာသိမြင်၊ ဘုရားရှင်ကို၊ ကြည်ညိုကော်ရော်၊ ပူဇော်ပါ၏၊ တရားအလှူ
တော်ကို၊ ခံတော်မူပါ၊ ကျေးဇူးတော်သခင်အရှင်မြတ်ကြီးဘုရား။ ။

ဓမ္မဒါယာဒံ ပဋိဂ္ဂဏှေမ၊ မြတ်စွာဘုရားက ပေးသနားတော်မူသော၊ တရားတော် အမွေဒ တန်တန်ကို၊ တပည့်တော်တို့၊ ခံယူပါကုန်၏။ မပျောက် မပျက်အောင်၊ စောင့်လျှက်ပါ မြတ်စွာဘုရား။ ။

ပုဗ္ဗါဒီပါဟိ ဂမနဝီထိ ပစ္စဝေက္ခဏာ။ စွပ်ကြောင်းသဘွယ်၊တွင်ကြယ်စွာလှ၊ လင်းစမပြတ်၊ သခင်မြတ်တို့၊ ကြွတော်မူဒဂါသော၊ ထူးမြတ်တဲ့ မဂ္ဂင်လမ်း ဟောင်းက၊ မတိမ်းစောင်းဘဲ၊ ကောင်းကောင်းစိုက်စိုက်၊ လိုက်ခဲ့ပါမည်။ ။

နေက္ခမ ပဋိပဒါ ပဋိပန္နာ၊ အချိုးအနှိုးသော အချိန်ကာလ၊ မရှိစေရ၊ သတိပညာသိမ်းပိုက်၍၊ မဂ္ဂသစ္စာဘုရားတော်၌၊ တစိုက်စိုက်တတောတော၊ မနေ မနား၊ အားထုတ်ပွါးပါမည်။ ။

အဋ္ဌသံဝေဂ ဝတ္ထုပစ္စဝေက္ခဏာ၊ အပါယ် ၄ သွယ်၊ ကြောက်ပါတယ်၊ အမိဝမ်းခေါင်း၊နိအောင်းရတယ်၊ကြောက်စဘွယ် အိုရတာလဲကြောက်ပါတယ်၊ ငိုရတာလဲကြောက်ပါတယ်၊ နာရတာလဲကြောက်ပါတယ်၊သေရတာလဲကြောက် ပါတယ်၊ အတိတ်ဝဋ်ကြွေး၊ မလွတ်သေးလို့၊ရင်လေးလှဘယ်၊ ကြောက်စဘွယ် နောင်ခါကာလ၊ ဖြစ်ကြရမယ်၊ ဝဋ်ဒုက္ခလဲ ကြောက်ပါတယ်၊ ယခုဘဝ၊ ရှာဖွေ ရတယ်၊ ဝဋ်ဒုက္ခလဲကြောက်ပါတယ်၊ ကြောက်ကြီးရှစ်လုံး၊ စွဲယူသုံးလျှက်၊ ၂ ချက် ရုပ်နာမ်၊ဖြစ်ပျက်ဉာဏ်၊တန်တန်ဆင်ခြင်၊ မြင်မပွင်ဖြင့်၊ နိဗ္ဗာန်ဝင်ရ၊အေးငြိမ်းကြ ဒုက္ခဝေးမယ်၊ ကျင့်ကြကွယ်။ ။

ဓမ္မဒါသံ ဂဟေဿာမ၊ ရုပ်နာမ် ၂ ချက်ဖြစ်ပျက်တန်တန်၊ သန်သန်မြင် စေတတ်သော၊ တရားရွှေချက်မှန်ကို တတ်ဆင်ပါမည်။

ထိနမိဒ္ဓဝိနောဒနဘာ၊ ငိုက်မည်းခြင်းကို၊ ပယ်ဖြုတ်၍၊ တရားအလုပ်ကို၊ ကျိုးအားထုတ်ပါမည်။ ။

ကုသိတပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပြင်းရိပေါ့တန်သောလူမျိုး၊ စကားအိုး လူရှုပ်၊ သေပန်းထုတ်သောသူကို၊ ပယ်ဖြုတ်၍၊ တရားအလုပ်၊ အားထုတ် ပါမည်။ ။

အာရဒ္ဓဝီရိယ ပုဂ္ဂလသေဝနတာ၊ တရားအလုပ် အားထုတ်သောယောဂီ ကို အမှီလုပ်၍၊ အားထုတ်ပါမည်။ ။

သမ္မပဒါနပစ္စဝေက္ခဏတာ၊သမ္မပဒါန် ၄-အင်ကို၊ဆင်ခြင်၍၊တရားအလုပ် အားထုတ်ပါမည်။ ။

သမာဓိဂရုကတာ။ သမာဓိကိုအလေးပြုပါမည်။ ။

သမာဓိနိန္နတာ။ သမာဓိသို့ညွတ်ပါမည်။

သမာဓိပေါဏာ။ သမာဓိသို့ကိုင်းပါမည်။

သမ္မာဓိပဗ္ဘာရာ။ သမာဓိသို့ရှိုင်းပါမည်။ ။

ဂမ္ဘီရပစ္စဝက္ခဏာ။ နက်နဲစွာသော၊ သစ္စာလေးအင်ကို၊ မြင်အောင်ဆင်ခြင်ပါမည်။ ။

ဆေကမဓုကရုပိယ။ ချိုချိုအေးအေး၊ မွှေးမွှေးကြိုင်ကြိုင်၊ ယန့်လှိုင်သည့်ပန်းဝတ်ရည်ကို၊ သောက်သုံးသော၊ ပျားပိတုံးလို၊ တရားတလုံး၊ အကောင်းဆုံးကို၊ သောက်သုံးပါမည်။ ။

ဥဒယတ္တဂါမိနီ။ ရုပ်နာမ် ၂-တွဲ၊ ခဏမစဲ၊ တသဲသဲ၊ တဖွဲဖွဲ၊အမြဲဖြစ်ပျက်နေသည်ကို၊ ယောဂီတို့၏ဉာဏ်က၊ အမှီလိုက်ပါ။

## ၃။ ဘာ့ကြောင့် တရားအလုပ် အားထုတ်ကြသလဲ။

သမုဒယသစ္စာ၊ တရားအမှုင်ပြတ်အောင်၊ တရားအလုပ်ကို အားထုတ်ပါသည်။ သမုဒယာသစ္စာ၊ ကင်းစင်ကွာသော်၊ ဒုက္ခသစ္စာ မပေါ်လာဘဲ၊ချမ်းသာမြကြ၊ နိဗ္ဗာန ဆိုက်ထနိဗ္ဗုတာ။ ။

ရာဂအယုတ်၊ ဒေါသအယုတ်၊ မောဟအယုတ်၊ မာနအယုတ်၊ ဒိဋ္ဌိအယုတ်၊ ကင်းကွာပြတ်အောင်၊ တရားအလုပ်၊ အားထုတ်ပါသည်။ ။

ဒုက္ခသပရိညတ္တံ ပြဟ္မစရိယံဝုသတိ။ ဒုက္ခသစ္စာ သိဘို့ရာ၊ မဂ္ဂသစ္စာပွား၊ သမုဒယသစ္စာ၊ ကင်းပြတ်ကွာ၊ ချမ်းသာနိဗ္ဗာန်သွား။ အဝိဇ္ဇာမြစ်၊ တဏှာမြစ် ၂ မြစ်ကင်းလို၊ သစ္စာကိုပွါး၊ မဂ်ရထား၊ စီးသွားနိဗ္ဗာန်ပြည်။ ။

## ၄။ ထိုထိုဘဝဝယ်၊ ဘယ်သစ္စာနှင့်စ၍ ဖြစ်လာကြသလဲ။

ဇာတိဒုက္ခသစ္စာနှင့်၊ စပြီးဖြစ်လာရပါတယ်။

အလယ်ကြတော့ကောကွယ်။ အိုရတဲ့ဒုက္ခသစ္စာ၊ ငိုရတဲ့ ဒုက္ခသစ္စာ။ နာရတဲ့ဒုက္ခသစ္စာနှင့်သာဖြစ်ကြရပါတယ်။

အဆုံးကြတော့ကောကွယ်။ ဘယ်သစ္စာနှင့်၊ ဆုံးကြမယ်။ အသေဆင်း ရဲတုံးကြီးနှင့်သာ၊ ဆုံးရပါတော့မည်။ ။

ဤသို့ရှုပါ၊ မဂ်သစ္စာချား၊ အကျင့်ပွား၊ ကြွသွားနိဗ္ဗူတာ။ ။

## ၅။ မသိမိုက်တူး၊ ပျော်ရစ်မူး၊ အရှုးသွက်သွက်ခါ။

မသိမိုက်တူး၊ ပျော်ရစ်မူးလျှက်၊ တရားမဘက်၊ နင့်ဖြစ်ချက်၊ သွက်သွက် ချာချာ၊ ရှုးလိုက်တာ၊ ။

သစ္စာ ၄ နက်၊ မမြင်ချက်ကြောင့်၊ အခက်ပွါးလူ၊ ဒုက္ခထူ၊ အပူများတော့ တယ်။ အယူမှားပေါ့ကွယ်၊ မျက်စိမှားရင်စားတော့မယ်။ ။

သတိကြီးကြီးထား၊ သညာမမှားစေနှင့်၊ စိတ်မနောက်လေနှင့်၊ အရူး ပြောက်စေ၊ သညာဖြစ်ထူး၊ ပျော်ရစ်မူး အရှုးသွက်သွက်ခါ။ ။

သတ္တဝါအဖြာဖြာတွေ၊ သညာက၊ ဘယ်လိုမှတ်နေကြသလဲ။ ချစ်စရာ လိုဘဲ၊ မှတ်လိုက်တယ်၊ မြဲတယ်လို့ဘဲ၊ မှတ်လိုက်တယ်၊ ချမ်းသာလို့ဘဲ၊ မှတ် လိုက်တယ်၊ ကိုယ်ဟုတ်တယ်၊ ငါဟုတ်တယ်လို့ဘဲ၊ မှတ်လိုက်တယ်။

အဲဒီဟာသညာဖေါက်ပြန်တာ၊ သညာဖြစ်ထူး ပျော်ရစ်မူး၊ အရှုး သွက် သွက်ခါ။ ။

## ၆။ အရှုးပျောက်ဘို့ ဆေးသောက်စို့။

မိမိတို့၏ ခန္ဓာကိုယ်ဆိုးကြီးဟာ၊ ဘာမျိုးနည်း၊ ဥာဏ်ကြီးမှသိမယ်။

ဥပမာယပိမေ ကဠေဝိည္ဍ၊ ပုရိသာအဥ္ဈံဇာနန္တိ။

( နိဝါနဝဂ္ဂသံယုတ်ပါဠိတော် )

ဥပမာ အဆိုသွင်းတော့၊ ပညာရှင်တသင်းတို့၊ လိုရင်းကိုသိနိုင်တယ်၊ အမျိုးမသိဘဲ၊ မပေါင်းနှင့်၊ အဘိုးမသိဘဲ မရောင်းနှင့်။ အမျိုးမသိဘဲပေါင်းက ငိုရမယ်။ အဘိုးမသိဘဲ ရောင်းက၊ အပိုမရတယ်၊ ရှုံးကြမယ်။ ၂-ဘက်ပြစကား ရပ်၊ ကျိုးစားမှတ်။ ။

အမျိုးမသိပေါင်းမိရှု၊ မချိအောင်ငို။ ။

ကရင်အ အပျိုမ၊ မင်းသားကိုသူလိုလှ၍၊ ပေါင်းသင်းကြလျှင်၊ သားတ ယောက်၊ မျက်နှာမြင်တော့၊ မခင်ပြစ်ခဲ့ကျန်ရစ်ဘဲ့မယ်ကရင်၊ ငိုပွဲသို့ဝင်ရတာလို၊ မိမိတို့၏ခန္ဓာနှင့်၊ ပေါင်းသင်းလာကြတာ၊ အတော်ကြာပြီ၊ ဘာမျိုးလဲဟု၊ ဉာဏ် ထဲဝင်အောင် သွင်းဆောင်ငြင်းမပြုကြဘဲ၊ သူအလိုကိုလိုက်၊ သူအကြိုက်ဝတ် ဆင်ပေးနေတုံး၊ မုံးကနဲလဲ၊ မထနိုင်ဘဲ၊ ရောဂါလွှန်တော့၊ အကောင်းဆုံးဆရာ ဝန်ကြီးကို ခေါ်ပေးပါ၊ လုပ်ကြပါ၊ ကယ်ကြပါ၊ တစာစာနှင့်၊ သေရွာရော၊ ခေါင်းထဲရောက်ကရော၊ ကရင်မလေး သိုငိုကြအုံးပေါ့ကွယ်။ ။

ကြောင်းမသိ၊ ပေါင်းမိတဲ့မယ်ကရင်၊ မင်းသားရှင် သူပြန်ပြေးတော့၊ ငိုရတယ်ခလေး။ ။

ခန္ဓာအမျိုးရုပ်နာမ်အမျိုး ဘာမျိုးလဲကွဲ့။ ။

အနတ္တမျိုးပါဘုရား။ ဘာလို့လဲကွဲ့၊ တားမရ ဆီးပနိုင်၊ မပိုင်အနတ္တ ပါဘုရား။ အလိုသို့မလိုက်၊ အကြိုက်မပေါ်၊ ဆွဲရာမရ၊ မပိုင်အနတ္တပါဘုရား။ မီးစာ ကုန်ဆီခမ်း၊ မီးငြိမ်းချမ်းတယ် ပုံသို့နှယ်။အကြောင်းဖြစ်တော့၊ အသစ်ပေါ်တယ်၊ အကြောင်းချုပ် ငြိမ်းယုတ်သိမ်းရမယ်။ မီးစာကုန်လို့ဆီခမ်းတော့ မီးငြိမ်းချမ်း တာလိုးကဲ်ါဝိတရဏာဝိသုဒ္ဓိဉာဏ်နှင့် အကြောင်းတန်တန်ကို၊ မှန်မှန်မြင်အောင် ကြည့်၊ ဖြစ်လာတဲ့ အနတ္တမျိုး အကျိုးရုပ်နာမ်ကို၊ ဉာဏ်သန်သန်နှင့်ကြည့်၊ ဉဒယဗ္ဗယဉာဏ်ဖြင့် ဖြစ်တာပျက်တာကို ဉာဏ်လွှာ၍ မြင်အောင်ကြည့်။ ရုပ်နာမ် ပေါ်တွင်၊ ဖြစ်ပျက်မြင်၊ ဉာဏ်ဝင်အနတ္တ။ အနတ္တမျိုး၊ အုပ်စိုးလို့မရ၊ ဖြစ်ကြ တယ်၊ ပျက်ကြတယ်။ ဘုံ ၃၁ ပါးမှာ၊ ရုပ်နာမ် နှစ်ဖြာ ဖြစ်တာ ပျက်တာဘဲရှိပါ တယ်။ ရုပ်နာမ်တွေ ဖြစ်ပေါ်နေတာက၊ ဇာတိဒုက္ခသစ္စာ၊ ပျက်သေတာက၊ မရဏဒုက္ခသစ္စာ၊ ပွားနေတာကပဂ္ဂသစ္စာ၊ သေနေတာက ဒုက္ခသမုဒယသစ္စာ၊ ဒုက္ခသမုဒယသစ္စာနှစ်ဖြာချုပ်သေတာက၊ နိရောဓသစ္စာ၊ သစ္စာလေးအင် ဉာဏ် ဝင်အောင်ရှုနိုင်ကဲ့ ပုကုဇဉ်များ၊ တဒင်္ဂနိဗ္ဗာန်တရား၊ တခဏနိဗ္ဗာန်တရားကို၊ သုံးစားကြရတယ်။ ။

အနတ္တပေါက်၊ အရှုးပျောက်မယ်ကွဲ့၊ သညာမှောက်လို့၊ အရှုးမပျောက် တာကွဲ၊ အနတ္တလက္ခဏာဉာဏ် သန်မြန်လာရင် သညာအမှတ်မှန်လာပြီ၊ စိတ် ဓါတ်အသိမှန်လာပြီ၊ ဒိဋ္ဌိအယူမှန်လာပြီ၊ ခွေးရူးမပြန်တော့ဘူးကွဲ့။ ကိုယ်၏ခန္ဓာ အမျိုးကို အနတ္တမျိုးလို့ မှန်မှန်သိပြီ၊ အနတ္တမျိုးဘဲလို့၊ အမြဲမှတ်နိုင်ရင်၊ အငို ဇာတ်သိမ်းပါပြီ။ မလုပ်သူမသိဘူးကွယ်၊ အားထုတ်သုပ်သူ၊ အသိကူးမယ်၊

မပျင်းကြဘဲ၊ အားကုန်ခဲ၊ တခါလွဲလျှင်၊ ဆင်းရဲမကုန်၊ ဒုက္ခကြုံမယ်၊ ဟုတ်မှန်တဲ့ ရုပ်နာမ်ကို၊ ဉာဏ်ကြီးကြီးနှင့် ကြံပြီးရှာ။ ။

အတ္တနော ကရဇကာယေ ဉာဏံ ဩတာရေတွာ

အတ္တဘာဝံ သမ္မသတိ။ ။

(ဓမ္မပဒအဋ္ဌကထာ၊ ပဏ္ဍိတဝဂ္ဂ၊ ပဏ္ဍိတဝတ္ထု၊ ၃၆၈။
ပေါဋ္ဌိလဝတ္ထု-၂၀၊ မဂ္ဂဝဂ္ဂ ၂၆၃)

ဝါသနာဘာဂီ ပါရမီရှင်၊ အဟုတ်မြင်မယ်။ ခန္ဓာကိုယ်တွင်း၊ ဉာဏ်သွင်းဖွေရှာ၊ ကြည့်လိုက်ပါသော်၊ ရုပ်နာမ်ပေါ်မည်၊ မျက်စိရုပ်၊ ငါမဟုတ်၊ အမြင်စိတ်နာမ်၊ မျက်စိမှာပူတယ်၊ တေဇောရုပ်၊ ငါမဟုတ်၊ ခံစားတာက ဝေဒနာ၊ ငါပူတာမဟုတ်ပါ၊ အသိစိတ်ကနာမ်တရား၊ ငါမဟုတ်ပါဘကား။ ပူတယ်၊ ပူတယ်၊ ပူတယ်လို့ မှတ်ထားတာက သညာနာမ်တရား၊ ငါမဟုတ်ပါတကား။ ။

ရုပ်နာမ် နှစ်ချက် တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်၊ ဖြစ်ပျက် ဖြစ်ပျက်၊ အမြဲဖြစ်လိုက်၊ ပျက်လိုက်နေတဲ့သဘာဝက အနတ္တပါ။ ပညာမျက်စိနှင့်၊ မြင်နေတာ၊ ရှုနေတာ ပွားနေတာက၊ မဂ္ဂသစ္စာ၊ သေသွားတာက၊ ဒုက္ခသမုဒယသစ္စာ၊ ချုပ်သေနေတာက၊ နိရောဓသစ္စာ၊ အနေလဲမြတ်၊ အသေလဲမကြွတ်၊ သမုဒယ သစ္စာကို သေအောင်သတ်၊ သမုဒယသစ္စာကို သေအောင်သတ်လျှင်၊ နိဗ္ဗာန်ဝင်။ ။

## ၇။ အနတ္တမြင်မှုသဘော ရှု။

ဓာတ်တွေဟာ သဘာဝတွေဟာ ရုပ်နာမ်ပဲဟူသမျှ သူ့သဘောသူဆောင်ကြ၏။ ပူတဲ့ သဘော၊ အေးတဲ့ သဘော၊ ခံစားတဲ့ သဘော၊ မှတ်သားတဲ့ သဘော၊ [illegible]ကိုသေအေး ဖြစ်သော၊ ခံစားဖြစ်ပျက်၊ မှတ်သားဖြစ်ပျက်၊ သိဖြစ်ပျက်၊ သူတို့၏ သဘောကလေးတွေနှင့်၊ ဖြစ်ပျက်သေနေကြတယ်။ ။

သုညဟူတွေဟာ ယုန်ချို၊ လိပ်မွေး၊ ပုဇွန်သွေး ခွေးအတောင် ကင်းဆိတ်တာလို၊ ရုပ်နာမ်အထဲမှာ၊ ငါမပါ ငါမရှိ ငါကင်းဆိတ်၏။ ။

နိဿတ္တတွေဟာ ရုပ်နာမ်အထဲမှာ သတ္တဝါမပါ၊ သတ္တဝါမရှိ။ ။

ပရဓမ္မှာ၊ ရုပ်နာမ်နှင့် ငါနှင့်၊ ညီအကို မောင်နှမ၊ သားအမိမတော်၊ ဆွေမျိုးမတော်ပါတကား။ ရုပ်နာမ်နှင့် သင်တို့နှင့် ဘယ်လိုတော်တယ် ထင်နေကြသလဲ၊ အခုထိုင်ရင်းဖြစ်လာတဲ့၊ ရုပ်နာမ်တွေကို၊ ရေခပ်ခိုင်းစေကြည့်ပါ။ ဘာမျှမတော်ကြလို့၊ ခိုင်းစေမရကြဘူး။ ။

ရိတ္တဓမ္မှာ။ ရုပ်နာမ်ဟူသမျှ၊ အနှစ်သာရဘာမျှမရှိ ကင်းဆိတ်ဘိ၏။ ။

တုစ္ဆဓမ္မှာ။ ရုပ်နာမ် အသီးသီးတို့သည်၊ ဖြစ်ပြီးတော့ ပျက်စီးကြလို့ ပလာထီးထီး၊ အချီးအနှီးတို့သာ၊ ဖြစ်ကြပါတကား။ ။

သုညဓမ္မှာ၊ ၉၊ ထဲမှာ ၉-နှုတ်က၊ ကွင်းသုညသာ ပုံပမာလို၊ သတ္တဝါ ရှာမရပါတကား။ ငါဆိုတာလဲ ရှာမရပါတကား။ ။

## ၈။ အဟုတ်မြင်၊ အမှန်ထင်ပုံ။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။ ။

**( ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ကင်္ခါဝိတရဏာဝိသုဒ္ဓိ )**

ကမ်ကိုပြုတာ သတ္တဝါမဟုတ်၊ နာမ်နှင့်ရုပ်၊ အကျိုးဖြာဖြာ ခံစားတာ၊ သတ္တဝါမဟုတ်၊ နာမ်နှင့်ရုပ်။ ။

ကမ်ကို၊ လူနတ်ကမပြုပါဘူး။ ကမ္မဋ္ဌာန်းဆိုင်ဘာ စိတ်စေတနာဘဲ၊ အဲဒီ အထဲမှာ၊ သတ္တဝါမပါဘူး၊ ငါမဟုတ်ဘူး၊ အဲဒီကမ်ကလေးတွေကလဲ၊ အနတ္တဘဲ၊ ငါမဟုတ်ဘူး၊ ကမ်စိတ်ကြောင့်၊ လေရုပ်ဖြစ်လာတယ်၊ အဲဒီလေရုပ်ထဲမှာလဲ၊ ငါမပါဘူး၊ အနတ္တဘဲ။ ကမ်၏အကျိုးတရားကလဲ ရုပ်နာမ်ဘဲ၊ အဲဒီအထဲမှာလဲ ငါမပါဘူး အနတ္တဘဲ။ ။

## ၉။ ဟိုတုံးက မိုက်လာတဲ့ အမျိုးမို့ အခုမကြိုက်တာနဲ့ လာတိုး။

အိုရတာ ကြိုက်ကြသလား၊ ငိုရတာ ကြိုက်ကြသလား၊ နာရတာ ကြိုက်ကြသလား၊ သေရတာကြိုက်ကြသလား။ မကြိုက်ပါဘုရား။ မကြိုက်တာနဲ့ ဘာလို့လာတိုးကြသလဲ။ ဟိုတုံးက မိုက်လာတဲ့အမျိုးမို့၊ အခုမကြိုက်တာနဲ့ လာတိုးရပါတယ်။ ။

အခုကော ရုပ်နာမ်အပေါ်မှာ လိမ္မာကြပြီလား၊ ပါးကြပြီလား၊ နတ်ကြပြီလား၊ သိကြပြီလားကွဲ့။ ။

မသိမိုက်တူး၊ ပျော်ရစ်မူး၊ အယူးသွက်သွက်ခါ၊ မဖြစ်ကြစေရာ။ ။

## ၁၀။ မြတ်စွာဘုရားက အနတ္တလက္ခဏာသုတ်နှင့် နိဗ္ဗာန်တင်။

မြတ်စွာဘုရားက၊ အနတ္တလက္ခဏာ၊ သုတ္တန်နှင့် နိဗ္ဗာန်တင်ပေးတယ်၊ သတ္တဝါများက၊ အတ္တလက္ခဏာ၊ မပြုတ်လို့၊ စိတ်အကြံမရှင် မအေးဘွယ်၊ ရုပ်နာမ်တွေ၊ ဖြစ်သေနေတာကို အမှန်မသိကြဘော့၊ ငါဘဲထင်တယ်၊ အနတ္တလက္ခဏာ လုံးလုံးပျောက်၍၊ အတ္တလက္ခဏာ ရောက်နေသဖြင့်၊ စိတ်နောက် ပင်ပန်း၊ မရှင်လန်း၊ မအေးချမ်းဘဲ၊ အမြဲအိုနာသေကြတယ်။ ရုပ်နာမ်ကို ဟုတ်မှန်စွာမသိလျှင်၊ အနတ္တမျိုးရယ်လို့၊ ဉာဏ်၌မဝင်တော့၊ မယ်ကရင်မလေးလို၊ ငိုကြအုံးပေါ့။ ရုပ်နာမ်ကို၊ ဟုတ်မှန်စွာမြင်အောင်၊ မလုပ်ရင်မဖြစ်ဘူး၊ မြုတ်နှစ်စူးကြမယ်။ ။

## ၁၁။ ကိုယ်လုပ်မှ ကိုယ်ရမယ်။

အအိုကောင်ကြီးမလာခင်၊ အနာကောင်ကြီးမလာခင်၊ အသေကောင်ကြီး မလာခင် ကြိုတင်လုပ်ကြကွယ်၊ ကိုယ်လုပ်မှကိုယ်ရမယ်။

လူဘဝအချိန်ကြုံ၊ ကလိန်ခြုံမောင်မလုပ်နှင့်၊ နောင်ရှုပ်လိမ့်မယ်။ လူဘဝ အချိန်ကြုံ၊ ကလိန်ခြုံမယ်မလုပ်နှင့်၊ အမယ်ဘုဘ်သူ့ချည်ခင်နှယ်၊ ဖြီရမလွယ်။ ။

အတွင်းအာယတနာ ခြောက်သွယ်၊ အပြင်အာယတနာ ခြောက်သွယ်၊ ဝါးရုံခက်နှယ်၊ သဗ္ဗဘ်အယူသဘွယ်၊ စာပေါင်းသိုက်နှင့်တူလှတယ်၊ ဖြေနိုင်ရင် သက်သာမယ်၊ မဖြေနိုင်လျှင် အခက်ဖြစ်ဘယ်၊ မဖြေနိုင်က၊ အရူးမ မိဆိုင်း၊ မီးဂိုင်းသည့်ပမာ၊ နောင်အခါသော်၊ အော်ကြရမယ်၊ အာယတန၊ ၁၂-ရပ်က အကြိမ်ကြိမ် လိမ်ပတ် ထားတယ်၊ အဲဒီအလိမ် အပတ်တွေကို။ ပြေအောင်ဖြေ၊ ပြတ်အောင်ဖြတ်။ ။

## ၁၂။ ဘယ်ထားမနှင့် ဖြစ်ကြမည်လဲ။

ရုပ်ကိုရှုတဲ့ထားမတချောင်း၊ နာမ်ကို မြင်အောင်ရှုတဲ့ ထားမ တချောင်း၊ ထားနှစ်ချောင်းနှင့်၊ ကောင်း ကောင်း ဖြတ်၊ အပြတ်ဖြတ်၊ အပတ် ပြေအောင် ဖြတ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ တရား၊ အတွင်း အာယတန ခြောက်ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ သဘောတရား၊ အပြင် အာယတနခြောက်ပါး၊အဲဒီ တဆဲ့နှစ်ထွေ၊သူ့အစုံနှင့်၊သူတို့လိမ်ပွေနေကြတယ်၊ ပတ်နေကြတယ်၊ ဖြတ်ဖြေဘို့ခက်လှတယ်။ ။

တလိမ့်နှစ်လိမ် လိမ်လို့ရှုပ်၊ အခွယ်ဘုတ်ကဲ့သို့ ချည်ခဲ၊ ဖြိုယွင်ဘို့အရေး ခက်သေးတယ်။ ။

## ၁၃။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာ နတ်သားတယောက် မြတ်ဗုဒ္ဓဘုရားကို လျှောက်တင်လွှာ။

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ၊

အတွင်းအာယတနခြောက်ခင်း၊ အပြင်အာယတနခြောက်ခင်း သူတို့ခြင်း၊ ပေါင်းသင်းတွေ့ဆုံ၊ ထိမိုက်ကြိုလာလျှင်၊ ချစ်ခင်တဲ့၊ တဏှာငင်သာတယ်၊ အဲဒီတဏှာခြောက်ဖုံက၊ ကလိန်ခြံလုပ်လိုက်တော့၊ အရှုပ်ကြီးရှုပ်ပြီး၊ သမုဒယ သစ္စာ၊ တဏှာအဆုတ်ကြီးနှင့် ဦးရှေ့အုပ်တို့၊ ဒေါ်ဒေါ်ဘုတ်တို့မှာ၊ သုတ်သီး သုတ်ပြာ ဗြာကရာနှင့် သွားလာရှောက်တော့၊ အဆုံးလဲယောက်ကရော၊ ငါး ပါးလဲ မှောက်တော့တာဘဲ။ ။

၁-တဏှာ၊ ၂-ဥပါဒါန်၊ ၃-ဘဝ၊ ၄-ဇာတိ၊ ၅-ဇရာမရဏ၊ တဏှာတရား၊ စကသွားတော့၊ ငါးပါးပေါ့ မှောက်လေပြီ။ ဖွဲ့သေ သည်ဘဝဆုံး၊ စအုံးတော့ အဝိဇ္ဇာ၊ ရှည်လှတဲ့သံသရာ။ လယ်ရတဲ့ သံသရာ၊ ခက်ကြပေါ့သည်တခါ၊ စက်လည်ခါ ချိန်မကုန်လို့၊ ကလိန်ခြံ သည်အရှုပ်ကို၊ ဖြိုထုတ်မှအေး။ ။

## ၁၄။ သည်အရှုပ်ကို ဖြီထုတ်လို။

ဆန္ဒံဖဿာယတနာခံ၊ သမုဒယဥ္စ၊ အတ္ထင်္ဂမဥ္စ
ယထာဘူတံ ပဇာနာတိ၊ ။

**(သဠာယတန ဝဂ္ဂသံသုတ် ပါဠိတော်၊ ကိံသုကောပမသုတ္တန် ၃၉၆)**

အတွင်းအာယတန ခြောက်ခုကို၊ ဖြစ်ပျက်ရှု၊ ကြေအောင်ရှု၊ ပျောက်အောင်ရှု၊ သဘောကလေးတွေကို မိအောင်ရှု၊ ကြိုးစားရှု၊ အားထားရှု၊ သဘောပေါက်လျှင်၊ အနတ္တရောက်မယ်၊ အလိမ်ခြိုတွေ ပျောက်မယ်။ ။

ယထာဘူတံ ပဇာနာတိ၊ ဟုတ်အမှန်၊ ရုပ်နာမ်ကို တကယ်သိလျှင်၊ ကလိတတ်တဲ့ ကလိမ်ခြို၊ ရှင်းကြအကုန်၊ ကလိန်ခြို၊ သည်ပုံရှင်း၊ ရုပ်နာမ် ရှုမင်း၊ ၊

ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်ကိုထင်၊ သည်ခန္ဓာတွင်၊ အတ္တစင်၊ ရှုမြင် အနတ္တ။ ။

အနတ္တပေါက်၊ အရှုးပျောက်သည်၊ ကလိန်ပြို၊ ကြံပြီးလျှင်၊ ဉာဏ်ကြီးရှင်၊ အချိန်မှီအောင်၊ လိမ်လည်တဲ့အရှုပ်ပတ်ကို၊ ဖြုတ်ဖြတ်ဘြကုန်။ ၊

## ၁၅ ။အရှင်ပေါဋ္ဌိလကမ္မဋ္ဌာန်း။

ဧကောသိ္မံ ဝမ္မိကေ ဆဆိဒ္ဒါနိ။ ပ။ မနောဒွါရေကမ္မံ ပဋ္ဌပေထ၊
ကရဇကာယေ ဉာဏံသြိတာရေတွာ သမဏဓမ္မံ အာရဘိ၊ ။

(ပေါဋ္ဌိလ သုတ္တန် ၂၀-မဂ္ဂဝဂ္ဂ ၂၆၃)

သမုဒယသစ္စာ၊ တဏှာဝင်ရာ၊ တံခါးခြောက်ဖြာကို၊ လုံစွာပိတ်၊မျောက်စိတ်ကလေးကို၊ မပြေးစေနှင့်၊ ရုပ်နာမ် နှစ်ထွေကိုမြင်အောင်ရှု၊ ဖြစ်ပျက်မှုကို ထင်ပါစေ၊ တဏှာသေက နိရောဓ။ ငြိမ်ရအမှန်၊ မြဘ်နိဗ္ဗာန်။ တဒင်္ဂအမှန်၊ မြတ်နိဗ္ဗာန်၊ ဝင်စံပုထုဇဉ်။ ။

## ၁၆။ ပညာအရေး သတိပေးမယ်၊ ပညာမစွမ်း၊ အကန်းဖြစ်တယ်။

ယောဂါဝေဇာယတီ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။

ယောဂါ၊ ဝိပဿနာကမ္မဋ္ဌာန်း၊ ကြိုးပန်းခြင်းကြောင့်။ ဝေ၊ စင်စစ်၊ ဘူရိ၊ ပညာသည်။ ဇာယတိ၊ ဖြစ်၏။ အယောဂါ၊ ဝိပဿနာ၊ ကမ္မဋ္ဌာန်း မကြိုးပန်းခြင်းကြောင့်။ ဘူရိသင်္ခယော၊ ပညာကုန်ခန်း၍၊ အကန်းဖြစ်လေ၏။ ။

ဝိပဿနာကြိုးစားပါမှ၊ ဉာဏ်ပညာတိုးပွါးတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါက်၍ နိဗ္ဗာန်ရောက်မယ်။ ဝိပဿနာမကြိုးပန်းက၊ ပညာကုန်ခန်း၍ အကန်း ဖြစ်မယ်။ ။

ဒေသနာဝသာနေ ပေါဋ္ဌိလတ္ထေရော အရဟတ္တေ ပတိဋ္ဌဟိ။ ။

အရှင်ပေါဋ္ဌိလထေရ် ရဟန္တာဖြစ်တော်မူ၏ ၂၆၄။

## ၁၇။ ခေတ်ပေါက်၍၊ နိဗ္ဗာန်ရောက်ခြင်း။

စတုန္နံ မဟာဘူတာနံ သမုဒယာ အတ္ထင်္ဂမာ၊ ယထာဘူတံ ပဇာနာတိ၊ ဧဝံ ဝတာ ခေါ ဒေသနံ ဝိသုဇ္ဈိဟောတိ။ ။

အပူဖြစ်တာ အဟုတ်သိ၊ အပူပျက်တာ အဟုတ်သိ၊ ကိလေကင်းစင်၏၊ အပူခေါက်၌ ခါမရှိ၊ အပူခါက်၌ ငါမပါ၊ အကြောင်းဖြစ်က၊ အကျိုး ပေါ်တယ်၊ အကြောင်းချုပ် ငြိမ်းရုတ်သိမ်းရမယ်၊ အပူခါက်၊ အကြောင်းသေးရပ်တို့ကြောင့် ဖြစ်၏၊ အကြောင်းချုပ် အကျိုးပျက်၊ မီးဇာကုန်လို့ ဆီခမ်းလျှင်၊ မီး ငြိမ်းချမ်း တာလိုဘဲ။ ။

## ၁၈။ အလုံးစုံအကုန် သိမ်းလျက်၊ ဖြစ်မှု ငြိမ်းမှု ရှုဆင်ခြင်၍ နိဗ္ဗာန်ဝင်ခြင်း။

ယံကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ ယထာဘူတံ ပဇာနာတိ၊ ဧဝံ ဝတာ ခေါ ဒေသနံ သုဂိသုဒ္ဓိ ဟောတိ။ ။

( သဠာယတနဝဂ္ဂ ၃၉၆ )

ဖြစ်တတ်သော သဘောဟူသရွေ့၊ ပျက်တတ်သော အလေ့သာ ရှိပါတကား၊ ဖြစ်ပြီး၍၊ ပျက်စီးကြပါတကား။ ဘုံသုံးပါးမှာ ဖြစ်ပျက် နှစ်ပါးသာ ရှိပါတကား၊ ပျက်ခြင်းသို့ ချေးရှုမျှော်၍၊ ဖြစ်ပေါ်လာကြပါတကား။ ။

## ၁၉။ သံသရာ ညော့သည်တွေ၊ မှာလိုက်ပါရစေ။

နသောခမ္မံ ဝိဇာနာတိ၊ ဒမ္မိသူ ပရသံယထာ။
ဟင်းမွှေယောက်မ၊ ချိုချဉ်ကိုမျှမသိရ၊ တူစွပမာ၊ မဖြစ်ရာ။

ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါသူပရသံယထာ။
လျှာပုံသွင်၊ စုံလင်ရသာ၊ သိရတာ၊ ပမာမခြား၊ မြတ်တရား၊ ကြိုးစားနိုင်မှ၊ သောက်စားရ။ ။

( ဓမ္မပဒပါဠိတော် ၅ ဗာလဝဂ္ဂ )

သံသရာ ညော့သည်တွေ၊ မှာလိုက်ပါရစေ၊ ဟင်းကိုမွှေ ယောက်မလိုမနေကြနှင့်၊ ကြိုးစားမှရသာပေါ်၊ လျှာနှင့်ဘူနော်၊ တရားတော်ရသာကိုလျှင်၊ မသေခင်သောက်ပါမှ၊ နောက်ခါကျချမ်းသာမယ်၊ လမ်းဖြာဘွယ် မြတ်တရား၊ မှတ်သားလို့ကျင့်ကြကွယ်၊ ရန်သူအစစ်၊ ဘယ်သူ ဖြစ်တယ် သိရမယ်။ ။

မိမိတို့၏ ရန်သူကို သိထားကြကွဲ့၊ ရန်သူ အစစ်၊ ဘယ်သူ ဖြစ်တယ်၊ ဖြေစန်းကွယ်၊ ရန်သူဆိုတာ၊ တဏှာအစစ် ဖြစ်ပါပေဘူတယ်၊ သူနှိပ်စက်လို့ သံသာကျယ်။ ။

အတ္တာဟဝေ ဇိတံသေယော။

ကိုယ်တွင်းရန် အောင်ကြမှ၊ နောင်လှဘို့ဖြစ်မယ်၊ မောင်ဓမ္မတို့ အချစ်ကိုပယ်၊ အမြစ်တွယ်အကုန်ပြတ်မှ၊ ထူးမြတ်ကြမယ်။ ။

## ၂၀။ တရားအလုပ်၊ ကြိုးအားထုတ်လျှင်၊ ဘုရားသခင်၊ ဖြီးမွှန်းစင်၊ တရားတော်၌၊ ပျော်မြူးသူကို၊ ဖြီးကြူးတော်မူပုံ။

အံ့ဖြီးပုံ၊ ဖြီးမြောက်ပုံ၊ ဖြီးပင့်ပုံ၊တရားတော်နှင့်၊ ပျော်ပိုက်ကြလေကုန်။ ။
ဝိရိယာ ရမ္ဘသ ဝဏ္ဏဝါဒီ။

၁၁၂- ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံဇီဝိတံ သေယျော၊ ဝိရိယံ အာရဘတော ဒဠှံ။ ။

(သပ္ပဒါသထေဝတ္ထု)

တရားအလုပ်၊ ကျိုးအားထုတ်လျှင်၊ တရက်ပင်၊ သက်ရှင်မြတ်လှပါ၊ အားမထုတ်လျှင်၊ တရာပင်၊ သက်ရှင်မမြတ်ပါ။ တရားအလုပ် အားထုတ်သော ပုဂ္ဂိုလ်တွေ၊ ခြေကိုမရှိ၊ မြေသို့ကျလျှင်၊ မဂ်ဖိုလ်ဝင်နိုင်တယ်။ ။

၁၁၃- ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

(ပဋာစာရာဝတ္ထု)

ဖြစ်ပျက်ကိုမြင်၊ တရက်ပင်၊ သက်ရှင်မြတ်လှပါ။ ။
ဖြစ်ပျက်မမြင်၊ တရာပင်၊ သက်ရှင်မမြတ်ပါ။ ။

၁၁၄-ယောစဝဿ သတံဇီဝေ၊ အပဿံ အမတံပဒံ။
ဧကာဟံ ဇီဝိတံသေယျော၊ ပဿတော အမတံပဒံ၊ ။

(ကိသဂေါတမီဝတ္ထု)

နိဗ္ဗာန်ကိုမြင်၊ တရက်ပင်၊ သက်ရှင်မြတ်လှပါ။
နိဗ္ဗာန်မမြင်၊ တရာပင်၊ သက်ရှင်မမြတ်ပါ။ ။

( ဓမ္မပဒပါဠိတော် ၈-သဟဿဝဂ္ဂ )

ကိသဂေါတမီထေရီ၊ မီးတောက်သည်ကိုမြင်သည်၊ မီးငြိမ်းသည်ကိုမြင်သည်၊ ဤကိုယ်တွင်၊ ရုပ်နာမ်အစဉ်လဲ၊ ဖြစ်ပျက်တဲ့၊ နိဗ္ဗာန်သည်မြဲ၏ဟုရှု၏၊ ရုပ်နာမ်ဖြစ်ပျက်ကို၊ အဟုတ်အမှန်မြင်လျှင်၊ မဖြစ်မပျက်တဲ့ နိဗ္ဗာန်ကို၊ မြင်နိုင်၏။ တရားရသာ သောက်စားပါမူ၊ တရားသိသူ လျှာတူ၊ မသိပါလျှင်၊ ယောက်မ သွင်။ ။

## ၂၁။ မဟာကပ္ပိနအကျော်၊ အနော်ဇာဒေဝီတို့၊ တရားအဆီရစ်သောသဘော၊ တမေ့တမော၊ မေ့ပြောနေခြင်း။

မဟာကပ္ပိနအကျော်၊ အနော်ဇာဒေဝီတို့သည်၊ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာဟူသော အသံကို ကြားခါမျှ၊ နှစ်သက်ကြ၍ ပီတိတွေ

များနှာဖြစ်လေ၏။ ပဿဒ္ဓိဖြင့်၊ ကိုယ်စိတ် ၂-ဖြာ၊ ငြိမ်းချမ်းလာ၏။ သုခဖြင့် ချမ်းသာရှေ့၊ ပွားများလာသေ၏၊ တရားစိတ္တဇရုပ်တို့သည်၊ တကိုယ်လုံး အထက်အဆုံး၊ အောက်အဆုံး ရောက်အောင်၊ ပြန့်နှံ့ မွေ့နှောက်၍၊ အရေပါးကို ဖေါက်၍၊ အရေထူ၌ တည်လေ၏၊ အရေထူကိုဖေါက်၍၊ အသား၌တည်လေ၏၊ အသားကိုဖေါက်၍၊ အကြော၌ တည်လေ၏၊ အကြောကို ဖေါက်၍ အရိုး၌ တည်လေ၏၊ အရိုးကိုဖြတ် ဖေါက်ခွဲ၍၊ ရိုးတွင်းချဉ်ဆီထဲအထိ၊ ထိုခွဲကာ အသဲနှစ်လုံး ရွှင်ပြုံးချမ်းမြ၊ ကြည်လှ၏ အေးအေးစက်စက်၊ အေးအေး ချမ်းချမ်း ရွှင်ရွှင်လန်းလန်း၊ လန်းလန်းဖိမ့်ဖိမ့် တဖိန့်ဖိန့်နှင့် ကြက်သီးထခါ၊ တရားတော် အရသာကို၊ ဝဋ္ဋာရှင်မြောက်၊ သောက်စားရ၏။

ဓမ္မပီတိသုခံ သေတိ၊ ဝိပ္ပသန္နေနစေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါရမတိ ပဏ္ဍိတော။ ။

**(ဓမ္မပဒပါဠိတော် ၆-ပဏ္ဍိတဝဂ္ဂ၊ ၄ -မဟာကပ္ပိနတ္ထေရ၊ ၎င်းအဋ္ဌကထာ ၃၅၉ )**

ဓမ္မပီတိ ဓမ္မပါယကော၊ ဓမ္မံ ပိဝန္တော။
အရိယ သစ္စာနိ ပဋိဝိဇ္ဈန္တော၊ ဓမ္မံပိ ဝတိနာမ။ ။

သဒ္ဓါကြည်လင် စိတ်သန့်ရှင်း တရားရေပေါက်၊ သောက်ဘို့ခင်မင်။ သစ္စာသိလျှင်၊ တရားရေပေါက် သောက်ရသည်ပင်၊ ရုပ်နာမ်ကိုမြင်၊ တရားရေပေါက်သောက်ရသည်ပင်။

သမ္မာ သမ္ဗုဒ္ဓေါ ဥပ္ပန္နော၊ ရာဇာဘာဝ ဒေဝပစ္စ ဝဏ္ဏာယ ပီတိယာ ဖုဋ္ဌသရီရော ကိဉ္စိသလ္လက္ခေတုံ အသက္ကောန္တော မုဟုတ္တံ ဝီတိနာမေတိ။ ။

**(၎င်းအဋ္ဌကထာ ၃၅၄)**

တရားသဘော စိတ်စောင်တွယ်၊ တမေ့တမော၊ မေ့မြောနေတယ်။ ။

လောကဘက်က၊ ကောင်းလှတဲ့၊ အရသာတွေကို၊ စားရသောအခါ၊ စိတ်တစ်လုံး အာရုံကြည်လာ လာဘာလို၊ ဝမ်းသာ လာတာလို၊ ပွဲကြိုက်သူ၊ ခိုင်းသိုကြောတော့၊ ဝမ်းမြောက်၍ မစားမသောက်တဲ့ ပွဲကိုသာသွားတာသို။ စတ္တာသီဟ နိပါတ်-၃ အလမ္ဗုသာဇာတ် ဣသိသိင်္ဂရသေ့ကလေးကို၊နတ်သ္မီးက ပွေ့ပေး ယောတော့၊ သုံးနှစ်မေ့မြောသွားတာလို၊ တရားတော် သဘောကလဲ၊ စိတ်စောင်တွယ်ရင်၊ မေ့မြောနိုင်တယ်၊ ဃဋိကာရ ဥပါသကာ၊ ၁၅-ရက် ထမင်းမစားဘဲ နေနိုင်တယ်။ ။

## ၂၂။ ဉာဏ်မထွက်တော့စက်ဝဲလယ်၊ ဉာဏ်ထွက်လွှဲတော့ ရှက်ကွဲဘွယ်။

ပညာယူလမ်းမှားတော့၊ ရှမ်းမယားဖြစ်တတ်တယ်။ ။

ယောဂါဝစ ဇာယတိ ဘူရိ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို၊ ကြိုးပန်းမှ၊ ဉာဏ်မှန်မှန်ထွက်မည်၊ အလုပ်မငင်ဘူးလျှင်၊ ဉာဏ်မစူးဘူး၊ အပြောရန်းတတ်တယ်၊ အပြောမှားတတ်တယ်၊ လုပ်ဘူးသူပြောဘာကိုလဲ၊ မသိနိုင်၍၊ အလကားထင်တယ်၊ ယခုအခါဘွင်၊ လုပ်ငမ်းစင်၊ ထင်ရှားရှိနေတယ် ရုပ်တလုံး နာမ်တလုံး၊ဖမ်းကြည့်ပါအုံး။ လုပ်ငန်းစင်က၊ သင့်ကိုသင်ပါလိမ့်မည်၊ ဝိပဿနာ အလုပ်ကိုမက်တော့၊ ဉာဏ်မှန်မှန်ထွက်ပါလိမ့်မယ်၊ သဘောအထိမိတဲ့အခါ၊ အနတ္တဉာဏ်ပါလာလိမ့်မယ်၊ မလုပ်ဘဲနေကြလျှင်၊ မှန်တာကိုမမြင်ရ၊ မသိရ၍ တုစ္ဆ ပေါဋ္ဌိလ- တုစ္ဆ ပေါဋ္ဌိလ လို့လဲ၊ အခေါ်ခံရမယ်၊ ဉာဏ်မထွက်တော့၊ စက်ဝဲလယ်၊ ဉာဏ်ထွက်လွှဲတော့ ရှက်ကွဲဘွယ်ဖြစ်ကြမယ်။ ။

## ၂၃။ ဉာဏ်မှန်ထွက်တော့၊ စက်ပျက်မယ်။ အချိန်ရှိမိုက်၊ အားစိုက်ကွယ်။

၁၂-လုံးပဋိစ္စသမုပ္ပါဒ် စက်တုံး၊ မှုန်းပုန်းလဲလိမ့်မယ်။ ။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အဲဒီ ဝေဒနာခံစားမှု ကလေးဘွေကို၊ ဝိပဿနာ ပညာလက်နက်ဖြင့်၊ နာနာလှချေ၊ တဏှာသေချေ၊ တဏှာသေပျောက်ရင်၊ ငါးပါးမမှောက်တော့ဘူး၊ ငါးပါး မမှောက်ဘဲ ပျက်ပြုံးတော့၊ ၁၂-လုံး ပဋိစ္စသမုပ္ပါဒ်စက်ကုန်း၊ ဒုက္ခသစ္စာအတုံး၊ မှုန်းကနဲလဲကုန်၍၊ ကလိန်ခြိ တသင်းအားလုံး ရှင်းပါပြီ။ ။

## ၂၄။ ဉာဏ်ဘောင်းနှံ့နားမဖုံ၊ လူဘူးသီးလို့ မှတ်ကြကုန်။

ဗဟူနိနရသီသာနိ၊ လောမသာနိ ဗြဟာနိစ။
ဂီဝါသုပဋိမုက္ကာနိ၊ ကောစိဒေဝေတ္ထကဏ္ဏဝါ။ ။

(ဒုကနိပါတ ၁၀-သင်္ဂါလာဂ ၅-ကုလပဏ္ဍိတ သဖောတ်တော်၊ ကဏ္ဏဝါတိ မညာဝါ၊ ရှင်းအဋ္ဌကထာ ၂၃၈)

နားပါမှ အသံကိုကြားရ၍၊ သိကြတာလို၊ ပညာနားပါမှ၊ အမှန်တရားကိုသိကြမယ်၊ နားမပါ၊ လူဘူးသီးပုံမှာသို့၊ နှံအခြောအဖြစ်သို့အောင်၊ အားခဲ၍ဆောင်၊ သည်တခါတကြိမ်လွဲမှဖြင့်၊ သွားလေအုံးမယ်တို့မောဲ၊ ဘယ်ကမ်းနှင့်ဘယ်သောင်၊ တင်ရောင်ရောင်၊ မယဉ်နိုင့်ဘော့၊ လူဘူးသီး ငင့်ဖြစ်ဘုံ၊ သနားဘိုကြို၊ နားမစုံလို့၊ တရားမသုံတယ်၊ တခြားဘုံနယ်၊ ပြောင်ပေဘော့ကွယ်။ ။

•

## ၂၅။ တပည့်များ၊ သနားလို့ ဆုံးမမယ်၊ မုံးကြနှင့်ကွယ်။ ရွှေအိုးပြဲ မိတ်သဘွယ်၊ သင့်စိတ်ဝယ်မြဲ ကြပ်ကြပ်စွဲ။

နိဓီနံဝပဝတ္တာရံ၊ ယံပဿေဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓါဝိံ၊ တာဒိသံပဏ္ဍိတံဘဇေ။ ။
(ဓမ္မပဒပါဠိတော်- ၆၊ ပဏ္ဍိတဝဂ္ဂ ၁၊ ရာဓတ္ထေရဝတ္ထု၊ ၃၄၇)

အပြစ်ကိုဘော်ပြ၍၊ နှိမ်နင်းဆုံးမပေးတတ်သော ဆရာမျိုးကို၊ ကိုးကွယ်ဆီးကပ်ကြ၊ ရွှေအိုးပြလာ မိဿဟာလို မှတ်ကြပါကုန်။ ။

အရှင်သာရိပုတ္တရာ၊ ကြွတော်မူသောအခါ၊ သာမဏေငယ်က၊ အရှင်ဘုရား၏ သင်္ကန်း၊ မြေဝယ်ကျနေပါတယ်ဟု၊ လျှောက်တော့၊အရှင်သာရိပုတ္တရာက၊ သာမဏေငယ်ကို၊ လက်အုပ်ချီပြီး၊ သာမဏေ နောက်ကို အသပ္ပါယတွေ့ရှိလျှင်၊ သတိပေးပါဟု၊ ပြန်ဘိတ်ကြားတယ်၊ အတုယူကြကွယ် ဝမ်းသာဘွယ်။ ။

ဆက္ကနိပါတ ၂-ခရပုတ္တဝဂ္ဂ၊ ၇-သိဃ်ပုပ္ဖဇာတ်၌။ ဘုရား အလောင်းတော် ရသေ့ကြီးက၊ ကန်ဘောင်၌နေ၍ ကြာပန်းအနံ့ကို ရှူမိတယ်၊ ဥပလဝန် အလောင်း၊ နတ်သမီးက၊ ဂန္ဓထေနက၊ ပန်းနံ့ခိုးတဲ့၊ ရသေ့မျိုးဟု ဆို၍ ထိပ်လန့်စေ၏၊ အလောင်းတော်ရသေ့ကြီးက၊ ကျေးဇူးတင်ပါတယ်၊ နောင်ကိုလဲ ပြောပါဟု၊ ပြန်ဘိတ်ကြား၏။ နတ်သမီးက၊ အကျွန်ုပ်သည်၊ သင့်ကျွန်မဟုတ်၊ သင့်၏နောက်သို့၊ တကောက်ကောက်လိုက်၍ မပြောနိုင်၊ မဂ္ဂသစ္စာကို၊ သင့်ဟာသာသင် သိပါဟု ပြောတယ်၊ သတိပေးလျှင် ကျေးဇူးတင်ကြ၊ မမုန်းရ။ ။

## ၂၆။ ပါးစပ်နှင့် အပြီးမသတ်နှင့်ကွယ်၊ ကျိုးကျိုးကုတ်ကုတ် အားထုတ်နိုင်မှ ပြီးကြမယ်။

ပါးစပ် ကောင်းကောင်း၊ လျှာ ကောင်းကောင်းနှင့်၊ နိဗ္ဗာန်ကိုဘော့၊ တောင်းလိုက်တာ၊ ဝိပဿနာဆိုတော့ ခေါင်းကိုက်လာ၊ ရှည်အုံးသံသရာ။ ။

နိဗ္ဗာန်ကိုတော့၊ အတင်းလိုရှာ၊ ဝိပဿနာဆိုတော့ ပျင်းပိုတာ၊ ရုပ်နာမ် မပေါက်၊ ငါမပျောက်၊ ဝေါက်တောက်သံသရာ။

နိဗ္ဗာန်ကိုတော့ နင်းကြိုက်ရှာ၊ ဝိပဿနာဆိုတော့ ပြင်းလိုက်တာ၊ နိဗ္ဗာန် ရဘို့ချိန်အခါ၊ ဘယ်တော့များမှ၊ နည်းကြမှာ၊ စဉ်းစားကြည့်စမ်းပါ။

ဝိပဿနာလုပ်ဘို့တော့၊ ဘေးဖယ်ထားတယ်၊ နိဗ္ဗာန်မြို့သို့ ဘယ်လိုသွား မယ်၊ လက်မှတ်ပြစမ်းကွယ်။

သံသရာကိုတော့ လွတ်မြောက်လို။ ဝိပဿနာဆိုတော့ လွှတ်ကြောက် သကို၊ လွတ်မြောက်လိုလျှင်၊ မြတ်မဂ္ဂင်။ အစဉ်အမြဲ သင့်စိတ်ထဲ၊ စွဲမှနိဗ္ဗာန်ဝင်။ ။

## ၂၇။ ကုသိုလ်ကိုမကြောက်ဘဲ၊ အားခဲပြီးပြုကြ။

ကုသိုလ်ကို မကြောက်ဘဲ၊ အားခဲပြီးပြုကြ၊ လာလှည့်ကြ၊ အားထုတ် လှည့်ကြ၊ သံသရာဘွက်က ထွက်ခဲ့ကြ၊ မာဘိက္ခဝေ ပုညာနံ ဘာယိတ္ထ။

မြတ်စွာဘုရားကတော့ သနားလို့ခေါ်ပေရှာ၊ ပုထုဇာန်များကတော့၊ မဘာရားနှင့်ပျော်နေတာ။ ။

မြတ်စွာဘုရား ကတော့ အသိဉာဏ် ပေးရှာ၊ ပုထုဇာန် များကတော့၊ သတိအတန်တန် ဝေးကွာ။ ။

မြတ်စွာဘုရား ကတော့၊ မဂ်ရေအေးနှင့် လောင်းရှာ၊ ပုထုဇာန်များက ပူနွေးနွေးမှ ကောင်းတာ။ ။

မဂ်နာဝါဖေါင်ကတို့နှင့်၊ နိဗ္ဗာန်သောင်သို့၊ ဆောင်ပို့ပေးမယ်၊ လိုက် ကြမလားကွယ်။ ။

လိုက်နိုင်ဘို့ အသာထား၊ နောက်တွယ်တွေက အလွန်များ။ ။
ဘဘုရားကြီး ခေါ်ခိုင်းတယ်၊ လိုက်ဘို့ ကောင်းသကွယ်။ ။
ခေါ်နေလျှင် သင်ပင်သွား၊ တို့က-နောက်ဘုရား။ ။
ဆင်ခြေများတဲ့ အပူသယ်၊ ဘယ်တော့များမှ ထွက်ခဲ့မယ်။ ။
ထွက်ဘို့လမ်းစ ရှာမရ၊ သံယောဇဉ်က ရှုပ်ပွေလှ ။
ထွက်ဘို့ လမ်းနှင့်၊ ဆင်မသင့်၊ သံကြိုးတွေနှင့် ချီနှောင်ဆင့်၊ ထွက်နိုင်သေးဘူးရှင့် ။

အရိယာတို့က သနားလို့ခေါ်သော်၊ ပုထုဇဉ်တို့က၊ သားနှင့်ပျော်ပျော်၊ သမီးနှင့် ပျော်ပျော်၊ ပစ္စည်းနှင့်ပျော်ပျော် မလိုက်ခြင်လို့ ညင်းကြသော်၊ ဒုက္ခသစ္စာ အတုံးနှင့်။ နေကြအုံးပေါ့နော်။ ။

မသိခင်က၊ အချိန်ကုန်၊ သိပြန်တော့လဲ ကလိန်ခြီ သင်တို့ ဖြစ်ကြပုံ၊ အဲဒါရှုင်းကြမှ၊ ဒုက္ခမြုံ၊ သွားရနိဗ္ဗာန်ဘုံ။ ။

## ၂၈ ။ အရှင်သောဏက၊ ပစ္စေကဗုဒ္ဓါက၊ အလောင်းတော် အရိန္ဒမ မင်းကြီးအား သဘောကြအောင်၊ ဥပမာဆောင်၍ တရားပြတော်မူခြင်း။

အရိန္ဒမ မင်းကြီးကို၊ တောထွက်ဘို့ရန်၊ အတန်တန် ဟောပါသော်လဲ၊ သဘောမလယ်၊ ကာမကိုမပယ်နိုင်၊ ထီးနန်းစည်းစိမ်ကြီးကို၊ မြိနိုင်သည်၊ ချမ်းသာသည်၊ အစိုးရသည်ဟု၊ မှတ်ထင်ပြုနေသဖြင့်။ ။

### ကာကပညာ။ ဥပမာဖြင့်၊ ဟောတော်မူပုံ။

ဥပမံ တေ ကရိဿာမိ၊ တံသုဏောဟိ အရိန္ဒမ။
ဥပမာယ ပိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။ ။

ဥပမာသွယ်သွယ်။ ဟောပြမယ်၊ ပြောပြမယ်၊ သဘောကြကွယ်၊ ပညာရှိ သိကြပါလိမ့်မယ်။ ။

ပင်လယ်ထုတ်တဲ့၊ ဆင်သေပုတ်ကို၊ ယဉ်လှေလုပ်ပြီ၊ အစီးဆန်းတဲ့၊ ကျီးကမ်းပညာ၊ ပုံပမာ၊ ကာမနှင့်သာ၊ အထုံပါ၊ ပင်လယ်မြစ်၊ သေဖြစ်ရှာတော့မှာ။ ။

ကျီးတကောင်၊ ဆင်သေ ပုတ်ကို၊ ယဉ်လှေ လုပ်ပြီး၊ စီးသွားတယ်၊ ဆင်သားကို စားမယ်၊ အားရ ပါးရ စားမယ်၊ တော်လေစွဟု နှေးညည်း အမြဲ၊ စီးသွားတယ်၊ ဆင်သေပုတ်က၊ အရိုးကျပြီး၊ ပင်လယ်သဲမှာ မြုတ်တော့၊ ကျီးလဲ သေတာဘဲ၊ ငါးလိပ်တို့၏ အစာဖြစ်ဘာလိုပါဘဲ။ ။

ဝေမေဝ တုဝံ ရာဇ၊ ယေစညေ ကာမဘောဂိနော၊
ဂိဒ္ဓါစေနပ္ပဝမိဿန္တိ၊ ကာကပညာဝ တေဝိဒူ။ ။

မင်းအရှိန္ဓမ၊ ကာမကို၊ သင်တို့တတွေ၊ မစွန့်နိုင်ဘဲ၊ နေကြလေမူ၊ ကျီးပညာနှင့် တူကြလေပြီ။ ။

သမုဒယသစ္စာ၊ ပြစ်ခွါဘို့ခက်ပြီ၊ မြစ်ပင်လယ်၊ ကျယ်ကျယ် ကြီးမှာ၊ ဆင်သေကို၊ ယဉ်လှေစီးတယ်၊ ကျီးမိုက်ပညာ၊ တူလှပါ၊ ယူဆခါရှောင်မထွက်လျှင်၊ နောင်ခက်ကြမယ်။ ။

(သင္ဂြိုဟ်နိပါတ-၁၊ သောဏက ဇာတ်ပါဠိတော် ဂုဏ်းအဋ္ဌကထာ ၂၆၉)

## ၂၉။ သမုဒယ၊ ကါမအညစ် စွန့်ပယ်ပြစ်က၊ ချမ်းသာရမယ် တဖျာပယ်။

သဗ္ဗဥ္စ သုခမိစ္ဆေယျ၊ သဗ္ဗေကာမေ ပရိစ္စဇေ။ ။

ကာမဂုဏ်၊ အစုံစွန့်ပြစ်မှ၊ ချမ်းသာဖြစ်မယ်။ သမုဒယ သစ္စာပယ်ခွါတဲ့လူများ၊ ဆင်းရဲတွေ အကုန်ပါးတယ်၊ ချမ်းသာချက်များ။ ။

ယံယံစဇတိ ကာမာနံ၊ တံတံသမ္ပဇ္ဇ တေသုခံ။ ။

သမုဒယ သစ္စာ ရမက်ကို၊ တဝက် ပယ်ခွါလျှင်၊ တဝက် ချမ်းသာမယ်၊ အကုန်ပယ်ခွါလျှင်၊ အားသုံးချမ်းသားမယ်။ ။

ယောဇုမ်တဏှံ ဒုက္ခဇနနိံ၊ ပရိဇာနာတိ ပဏ္ဍိတော။ ။

ဝိပဿနာ အတန်တန်၊ ဉာဏ်အမှန်သွက်ကြပါမှ၊ သမုဒယ သစ္စာသည်၊ ဒုက္ခကို ဖြစ်စေသည်ဟု၊ မြင်အောင်ရှုနိုင်သည်၊ ချစ်ကြိုက်တတ်ဘဲ့ တဏှာ၊ သမုဒယသစ္စာတွေ၊ ရှုပ်ထွေလေလျှင်၊ ဒုက္ခသစ္စာတွေနှင့်သာ၊ အရှေကြာကြာ၊ သံသရာမှာ၊ နေရှာရမယ်ဟု၊ ပညာရှိတို့သာ သိနိုင်ပါတယ်။ ။

(ပါဠိဇာတ် ပါဠိတော် ၁၂-ဥါဒသက နိပါတ၊ ကာမဇာတ်)

## ၃၀။ သုသိမဇာတ်သွား မှတ်သားဘို့ ရေးလိုက်မယ်။

သုသိမတွံ ဂူထကာ လလေနိမုဋ္ဌေါ ဂါမသူ ကဧောဂိယာ
ကာမကလလေနိ မုဋ္ဌိတွာတံ ဂလလံ ဇဟိဟ်နသဗ္ဗောဘ်။ ။

သုသိမခေါ်တဲ့၊ အလောင်းဘော်မင်းကြီး၊ ဆံဖြူမြင်၍ ဉာဏ်သူဆင်ပြင်၊ ကိုယ်တိုင်ပင် ဆုံးမချက်၊ မစင်ညွှန်အိုင်၌၊ မြုတ်နစ်လျှက်၊ မတတ်နိုင်သော၊ ရွာသူ

တို့၏ဝက်လို၊ ဟယ်သုသိမ၊ သမုဒယ သစ္စာ၊ တဏှာညွန်ဗွက်မှ၊ ကျွန်လျှက်ရှိတုံး ဘဲလား၊ လွန်၍ မတက်နိုင်သေးဘူးလား ဟယ်သုသိမ၊ ညှိနံစက်ဆုပ်၊ သည်အ ပုတ်ထဲမှာ၊ နင်ငုတ်တုံးဘဲလား၊ ဟယ်သုသိမ၊ ကာမအညွှော်၊ တော်လောက် ပြီ၊ ဟန်မရောက်၊ တန်လောက်ဘို့ချိန်ကျပြီ။ ။

**(သတ္တကနိပါတ ၂-ဂန္ဓာရဝဂ္ဂ၊ ၆-သုသိမဇာတ်တော်၊ အဋ္ဌကထာ ၃၇၁)**

သုသိမဇာတ်သွား၊ မှတ်သားဘို့ ရေးလိုက်တယ်၊ ကာမအိုင် ညွန်ဗွက်မှ တက်ခဲ့ကြကွယ်၊ ဘုရားကြီးခေါ်နေတယ်၊ လိုက်ဘို့ကောင်းသကွယ်၊ လိုက်ခြင်လှ ပါတယ်၊ ဘယ်လိုလုဂ်ရမယ်။ လိုက်ချင်သူမြန်မြန်လုပ်၊ သမုဒယသစ္စာ အပြုတ် ဖြုတ်။ ဝိပဿနာတရား အားထုတ်လိုက်၊ သမုဒယသစ္စာ၊ အပြုတ်တိုက်။

## ၃၁။ သံသရာခရီးသည်၊ ဘယ်ဋ္ဌာနမှာ နားရမယ်။

သံသရာခရီးသည်၊ ဘယ်ဋ္ဌာနမှာနားရမယ်၊ ဒိုနာသေလို့ ပင်ပန်းတယ်၊ နားဘို့နေရာ သေအချာ၊ မှန်စွာသိချင်ဘယ်။ ။

မဂ်ဖိုလ်ကြတော့ နားရမယ်၊ အားမနာနှင့်ကွယ်၊ ။

ဘယ်ခရီးကလာရမယ်၊ အရှင်လိုလှတယ်။ ၊

အရှင်လို လမ်းအိုလိုက်၊ သင့်ကိုကျွားမကိုက်။ ။

ဖြတ်လမ်းကတော့ မသွားနှင့်ကွယ်၊ နတ်ဖမ်းစားတတ်တယ်၊ ။

ရပ်နာခ် ၂-ချက်၊ ဖြစ်ပျက်တင်ပြီး၊ မဂ္ဂင်ခရီး၊ လမ်းဟောင်းကြီးက၊ လာ ခဲ့ကွယ်၊ သိတော့အလွန်လွယ်။ ။

ပုရာဏမဂ္ဂေါ၊ ပုရာဏဥ္စသော ပုဗ္ဗတေဟိ

သမ္မာသမ္ဗုဒ္ဓေဟိ အနုယာတော။ ။

**(နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ၃၂၉)**

## ၃၂။ ရှေးရှေး အလောင်းတော်တို့၊ ကောင်းကောင်း၊ ကြွတော်မူတဲ့ လမ်းဟောင်း။

ဥဒယဗ္ဗယာ နူပဿိနော ဝိဟရတော နစိရသေဝ

အနုပါဒါယ အာသဝေဟိ စိတ္တံဝိမုစ္စိ။ ။

ဝိပဿီစသော အလောင်းတော်တို့၊ ရုပ်နာမ် ၂-ချက်၊ ဖြစ်ပျက်တင်သော မဂ္ဂင်ဖြင့်၊ တဏှာဒိဋ္ဌိတို့ဖြင့်၊ ဘာကိုမှမစွဲဘဲလျှင်၊ အာသဝေါစင်သွားပြီး၊ ဘုရားဖြစ်တော်မူ၏။ ။

(မဟာပဒါန သုတ္တန် ပါဠိတော် ၃၀)

ဘုံ ၃-တန်မှာ၊ ရုပ်နာမ် ၂-ချက်၊ ဖြစ်ပျက်ဘဲရှိတယ်၊ ဘယ်တရားကို ရှာနေကြသလဲ၊ ရုပ်နာမ် ၂-ချက်ဖြစ်ပျက်ကိုပွါး။ မင်ကြတော့ နားရမယ်။ ။

ပရမတ္ထတော သာသနေ အဿာသောနာမ
အရိယဖလံ ပတိဋ္ဌာနာမ အရိယမဂ္ဂေါ၊ ။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ကမ္မဋ္ဌာနဂဟဏဝိသုဒ္ဓိအဖွင့်-၃၀၅)

မင်ကိုရလျှင်၊ ထောက်တည်ရာကို ရပါပြီ၊ ဖိုလ်ကိုရလျှင်၊ သက်သာပါပြီ၊ အပန်းပြေပါပြီ၊ နားနေရပါပြီ၊ တဏှာသခင်မကြီးက၊ မနိုင်းနိုင်ကြတော့ပြီ။ ။

## ၃၃။ တဏှာအဖေါ်နှင့် ပျော်ပျော်ခိုင်းနေလျှင်၊ သင့်ကို ခိုင်းပေအုံးမယ်။

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။

(စတုက္ကအင်္ဂုတ္တရပါဠိတော်၊ တဏှုပ္ပါဒ သုတ္တန် ၃၁၆)

(ဣတိဝုတ္တက ပါဠိတော် ၅-တဏှာသံယောဇနသုတ္တန် ၂၀၁-၂၆၈)

တဏှာဒုတိယောဟိ တဏှာသဟာယော အယံ ဟိ သတ္တော
အနမတဂ္ဂေ သံသာရဝဋ္ဋေ သံသရန္တော နေကဘာဝ သံသရတိ
တဏှံပန ဒုတိယံကံ သဟာယိကံ လဘိတွာဝ သံသာရတိ။ ။

(ပရမတ္ထဒီပနီမည်သော၊ ဣတိဝုတ္တကဋ္ဌကထာ ၃၁၇)

ဦးရွှေကြာတို့ ဒေါ်မူပြာတို့၊ ဘယ်သူ့ကို အဖေါ် ခေါ် လာခဲ့သလဲ။ သံသရာမှာ၊ သမုဒယသစ္စာနှင့်၊ အတူပျော်ပျော်၊ တဏှာကို အဖေါ်ခေါ်ခဲ့ပါတယ်၊ တလိမ်နှစ်လိမ် လိမ်လို့ရှုပ်တဲ့၊ အမယ်ဘုတ်ကို၊ ဘယ်သူ ကို အဖေါ်လုပ်လာသလဲ၊ ငါတယောက်ထဲ၊ မလာရဲလို့၊ တဏှာကိုဘဲ၊ အဖေါ်သဟဲ၊ အပါ ဆွဲခဲ့တယ်၊ တဏှာအယုတ်၊ အဖေါ်မလုပ်နှင့်၊ ခိုလိုက်ကွဲ့၊ တဏှာနှင့်တွဲ သင့်ကိုဘဲ၊ အမြဲခိုင်းလိမ့်မယ်။ ။

ဒေါ်ရွှေလယ်၊ ၃၁-ဘုံဝယ်၊ တဏှာအယုတ် အတွယ် ဖြုတ်တော့ ကွယ်။ ဦးရွှေလယ်၊ မဖြုတ်နိုင်ရင်၊ မြုတ်တော့မယ်။ ။

ဟိန္ဒူပမာ-မှတ်ပါကွဲ့ လူအများ၊ နွားနဖါးကြိုးများနှင့် ခိုင်စွာချီ၊ ရုံးမပြီ ဆွဲယူသည်နေရာရောက်အောင်၊ ကောက်ကောက်လိုက်ရှာ၊ အဲသည်ရဲ့ ပုံပမာ၊ တဏှာမျိုး ကြိုးများနှင့်၊ နိုင်စွာချီ၊ ရုံးမပြီ ဘုံသုံးမည်၊ ချာလယ်မြဲကယ်၊ တဏှာ ကဆွဲ။ တဏှာအဖေါ်အယုတ်ကို၊ တော်လှန်ထုတ်ထားမှ၊ နားရမယ်။ ။

## ၃၄။ မောင်မယ်များနားကြစို့။

နိရောဓသို့၊ ရောက်အောင်ဖို့၊ မဂ္ဂင်လမ်းဟောင်းသို့၊ မောင်မယ်ဇနီတို့ သွားကြဘို့၊ ။

သည်ကနေပြီး၊ မောင်မယ်ဇနီးတို့၊ ထုတ်ကြီးထုတ်ငယ်၊ သည်ပိုး လွယ်၊ ဘယ်ခရီးကိုဆက်ကြမယ်။ ။

အထက်လိုလို၊ အလယ်လိုလို၊ အောက်လိုလိုနှင့်၊ ဘယ်ကိုသွားမယ်၊ မသိဘယ်၊ ဦးကြီးလိုလို၊ ဒေါ်လိုလိုဟို့၊သည်လိုနှင့်သာ၊ ရက်မကြာနှင့်၊ ထွက်ရာ တက်လှမ်း၊ မဂ်စခမ်း၊ ကြိုးပန်းကြလေကွယ်။ တူမောင်မယ် နားရမယ်။ ။

## ၃၅။ အရိယာတို့၊ ထောက်တည်လို့နားနေ။

အရိယာတို့ ထောက်တည်လို့နားနေ၊ အပန်းလဲပြေ၊ အနွမ်းလဲပြေ၊ အလွမ်းတွေလဲပြေ၊ အဆာအသောင်တွေ၊ အားသုံးပြေ၊ မနှုံးခွေဘော့ပေ၊ အရိယာများကတော့ ပြုံးပါတယ်၊ပုထုဇဉ်များကတော့ နှုံးချာလယ်၊ အရိယာ များကတော့၊ လမ်းဖြောတယ်၊ ချမ်းသာကြွယ်၊ ဝင်းသာဘွယ်၊ သံသရာနယ်၊ မလည်ရဘူးကွယ်။ ။

ပုတုဇဉ်များကတော့၊ ပန်းရှာဘယ်၊ နွမ်းစရာအသွယ်သွယ်၊ သံသရာ နယ်၊ ပတ်ပတ်လယ်၊ ဒိုနာသေလို့၊ မဆုံးဘယ်။ ။

လမ်းဆုံးအောင်နှယ်၊ တူမောင်မယ်၊ တရားအလုပ်၊ အားမထုတ်နိုင်ကြ တယ်၊ လမ်းမဆုံးတော့ဘယ်၊ သွားလေအုံးပေါ့ကွယ် တရားမကြွယ်၊ အထုပ် ငယ်၊ သနားစဘွယ်၊ နစ်မြုတ်မယ်။ ။

## ၃၆။ မေမေသိပ်သော်လဲ အနော်အိပ်ချင်မှ ဖြစ်မယ်။

မေမေသိပ်သော်လဲ၊ အနော်အိပ်ချင်မှဖြစ်မယ်၊ ဥပမာတရားဟောကြားတော့၊ ပညာရှိများ နားလည်တယ်၊ မိခင်က တေးဆိုပြီး၊ ကလေးကို ချော့သိပ်တယ်၊ သားငယ်က၊ မေမေသိပ်သော်လဲ၊ အနော်အိပ်ချင်မှ၊ ဖြစ်မယ်ဆိုတာလို၊ ဘုန်းဘုရား ကုန်းခါဟောသော်လဲ၊ နှစ်လုံးသာသာနှင့်၊ ကြည်ဖြူစွာနာယူနိုင်မှ၊ ဖြစ်ကြမယ်။ ။

## ၃၇။ ချမ်းသာရေးလှူပြမယ်၊ ယူကြကွယ်။

ချမ်းသာရေးပေးလှူပြမယ်၊ ယူကြကွယ်၊ ဓမ္မဒါနဖြစ်ရမယ်၊ ဒုက္ခနယ်၊ ရှုပ်လှတယ်၊ အယုတ်ဓမ္မရယ်၊ မုချပယ်ဘို့ကောင်း။ ပယ်ဘို့ကောင်းတာ၊ မပယ်ခွါ၊ ငွယ်တာသင်တို့ကြောင်း၊ မောင်မယ်အကြောင်း၊ မောင်မယ်မမြင်၊ သမုဒယနယ်သို့ဝင်၊ သမုဒယသစ္စာ၊ တဏှာအယုတ်၊ ပယ်ခွါထုတ်မှ၊ ဒုက္ခနယ်၊ ရှုပ်လှတယ်၊ အယုတ်ဓမ္မရယ်၊ မုချပယ်နိုင်မယ်၊ ပယ်ဘို့ခက်ပြီး၊ ဆင်းရဲကြီးတော့ ညီးတတ်တယ်၊ ပုထုဇဉ်ကြီး ရှုးချာသယ်၊ တရားထူးဘော့ စိတ်ကူးမဝင်တယ်၊ ညီးမနေနှင့်ကွယ်။

## ၃၈။ ခန္ဓာအိမ်ဥာဏ်နှင့်ရှင်း၊ ရန်ဝင်္ဂတွင်း လွတ်နိုင်တယ်၊ ဘယ်ပုံရှင်းကြမယ်၊ ရှင်းနည်းပြမယ်။ မှတ်ကြကွယ်။

ကိုယ့်အိမ်မှုိင်မဟုတ်ခြင်းကြောင့်၊ သေမင်းကြီးက နှင်ထုတ်လိုက်ဘော့၊ ကုတ်ကုတ်၊ ကုတ်ကုတ်နှင့်၊ ဆင်းသက်ကြရှာတယ်၊ မှန်ကြရဲ့လားကွယ်၊ အနတ္တသုတ္တန် ဟုတ်မှန်ရဲ့လား၊ တွင်းအပြင် ဘဂ္ဂဝါများကိုထားခဲ့လို့သွား၊ ကျွေးရတဲ့သည်ခန္ဓာ၊ မွေးရတဲ့သည်ခန္ဓာ၊ နင်ပိုင်တာဘယ်ဟာလဲ၊နင်ဆိုင်တာဘယ်ဟာလဲ၊ ဥာဏ်စွဲလို့ အတ္တပျောက်တော့၊ အနတ္တပေါက်လိမ့်မယ်၊ အဲသည့်လို အကုန်ရှင်းက၊ သုံးဘုံတွင်းမှ၊ ကင်းလွတ်ကြလိမ့်မယ်၊ အားထုတ်ရှင်းကြကွယ်။ ။

## ၃၉။ သည်အိမ်ကြီးနေပြီးလျှင်၊ အိမ်သစ်ပြောင်းဘို့ တခါပြင်။

သည်အိမ်ကြီး နေပြီးလျှင်၊ အိမ်သစ်ပြောင်းဘို့ တခါပြင်၊ ပြောင်းကြရတော့မယ်၊ ရွှေ့ကြရတော့မယ်၊ ခွဲခါနီးပြီ၊ သွားခါနီးပြီ၊ သွားခါနီး ကြီးကြီး

တို့မှာလိုက်မယ်၊ လမ်းမမှားနှင့်ကွယ်၊ အရင်လို လမ်းအိုလိုက်၊ သင့်ကို ကျား မကိုက်၊ ဖြတ်လမ်းမသွားနှင့်ကွယ်၊ နတ်ဖမ်းစားတတ်တယ်၊ ရုပ်နာမ် ၂-ချက် ဖြစ်ပျက်တင်ပြီး၊ မဂ္ဂင်ခရီး လမ်းဟောင်းကြီးက၊ သွားကြကွယ်၊ ရောက်တော့ ချမ်းသာမယ်။ ။

ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဆတ္တံ မဟန္တံ ဝိယ
ဝဿကာလေ ဓမ္မောသု စိဏ္ဏော သုခမာဝဟတိ။ ။

(ဒသကနိပါတ၊ မဟာဓမ္မပါလဇာတ် ၂၁၅)

အမှားပယ်ပြီး၊ တရားထီးအပေါင်း ကောင်းကောင်း ဆောင်ကြကွယ်၊ အရိပ်အေးမြတယ်၊ ချမ်းသာသုံးပါး ပေးကြမယ်၊ အရေးအကြီးဆုံး မှာလိုက်ပါ အုံးမယ်၊ သီလံ အာဘရဏံ သေဋ္ဌံ။ ငါးပါးရောင်စုံ လွတ်တဲ့၊ သီလချပ်ဝတ် ကို၊ လှလှယဉ်ယဉ်၊ ဝတ်ဆင်သွားကြကွယ်။ ။

သီလဂန္ဓော အနုတ္တရော၊ အနံ့ယဉ်ကြေး အစင်မွှေးလှ၊ သီလပန်းလျှင်၊ လှလှယဉ်ယဉ်၊ လူနတ်မြင်တော့၊ ချစ်ခင်မယ်၊ လမ်းစာရိက္ခာ အထုပ်၊ ကြီးကြီး လုပ်သွားကွယ်၊ အဲဟိုကြတော့ စားရမယ်။ ။

သီလံ အာဝုဓမုတ္တမံ။ ရန်သူတွေကို တားဆီးဖျက်ဘို့ အတွက် သီလ လက်နက်အပေါင်း၊ ကောင်းကောင်းကိုင်ကြကွယ်။ ။

သီလံ တိဏ္ဏဉ္စ သမ္ပဒါနံ။ ဘုရားသခင် အရှင်မြတ်တို့၊ သက်ဆင်း အဂ်တဲ့ သီလဆိပ်ကမ်းက၊ အပန်းတွေဖြေ၊ အန္တမ်းတွေဖြေ၍၊ စမ်းရေပေါက်ကို၊ ဝဝ သောက်ကြကွယ်။ ။

ဓမ္မဒါသံ ဂဝေဿယျ။ ရန်သူ အကုန်၊ သူပုန်တွေကို၊ ကြည့်မြင်နိုင်ရန်၊ တရားမှန်ပြောင်း၊ ကောင်းကောင်းယဉ်ယဉ်၊ တတ်ဆင်သွားကြကွယ်၊ ချမ်းသာ ကြလိမ့်မယ်၊ ကြီးကြီးမှာလိုက်တယ်၊ မမေ့ကြနှင့်ကွယ်။ ။

(သီလဝဏ္ဏေရဂါထာ၊ ဥါဒသက နိပါတ ၃၀၉)

## ၄၀။ အိမ်ငှါး အိမ်ရှင်ပမာလား၊ ဦးရွှေလယ်တို့သတိထား ဒေါ်ရွှေလယ်တို့ သတိထား။

အိမ်ငှါး အိမ်ရှင်ပမာလား၊ ဦးရွှေလယ်တို့ သတိထား၊ ဒေါ်ရွှေလယ်တို့ သတိထား၊ တားမရဆီးမနိုင်၊ မပိုင်အနတ္တ ထင်ကြကွယ်၊ အနတ္တထင်ဘို့ဟောပြ တယ်၊ ခန္ဓာအိမ်အိုကို၊ မိမိအိမ်ပိုင်လို့၊ ထင်နေလျှင်၊ မယ်ကရင်လိုငိုရမယ်။ ။

သတ္တဝါ အဖြာဖြာ၊ အမြဲအိမ်မိုင်မရှိမရှိပါ၊ အိမ်ငှါးနေရတာ၊ ဧည့်သည်ပမာ သွားရမှာ၊ အနတ္တပေါက်၊ စိတ်ရောက်ကြပါ၊ သည်ခန္ဓာ အပုတ်အိုင်ကို၊ ကိုယ်အိမ်မိုင် ထင်နေလျှင်၊ အဆင်မပြေ၊ သေလို့မပြီး၊ ဒုက္ခကြီးနှင့်၊ တွေ့ရမယ်။ ။

## ၄၁။ ရှင်သေမင်း၊ စစ်ခင်းပြိုင်နေတယ်။

ရှင်သေမင်း၊ စစ်ခင်းပြိုင်နေတယ်၊ နိုင်မယ်ထင်သလားကွယ်၊ သည်အိမ်ပေါ်က ထွက်ခွါဆင်း၊ ရှင်သေမင်းက အာဏာပြင်း၊ ငြင်းလို့မရတယ်၊ ခုဘဝရှုံးကြရလိမ့်မယ်၊ ကုံးရှုံး၊ ရေရှုံး၊ အားလုံးရှုံးကြရမယ်။ ။

နောင်ဘဝကောကွယ်၊ မင်ဖိုလ်မရ ခက်လှတယ်၊ အရှုံးနာကြမယ်၊ အချစ်ဆုံး၊ တကိုယ်လုံး၊ အရှုံးပေးရမယ်၊ သေမင်းအစာ၊ ဖြစ်တော့တယ်၊ အချစ်စွဲတော့ ခွဲရခက်တယ်၊ သေမင်းကြီးကို တောင်းပန်ကွယ်၊ အယူခံလို့မရပါ၊ ဘယ်လိုခက်လဲ၊ မနေသာ၊ အားလုံးခွဲရှာ၊ ထားခဲ့ကြတော့သည့်ခန္ဓာ။ ။

## ၄၂။ အို၊ နာ၊ သေ၊ မွေး၊ လူကလေးရယ်၊ ဖြစ်ကြရအုံးမယ်။

လူကလေးဖြစ်တော့၊ တော်ပါတယ်၊ ခွေးကလေးဖြစ်တော့ အော်ရှာမယ်၊ ငရဲနစ်တော့၊ အဖေါ်မပါတယ်၊ ဝက်ခလေးဖြစ်တော့၊ သွက်သွက်လယ်၊ ကြက်ကလေးဖြစ်တော့ ယက်ပက်စားရမယ်၊ ကြောက်လန့်ကြလေကွယ်၊ မဖြစ်နိုင်အောင် ဘယ်ဉာဏ်ဆောင်ကြမယ်၊ ဝိပဿနာဉာဏ်ရောင် ပြောင်ပြောင်ဆောင်ကြကွယ်၊ မဂ္ဂသစ္စာ ဘာဝနာ၊ ခါခါပွါးမှ လွတ်ကြမယ်၊ မပျင်းကြနှင့်ကွယ်၊ အပျင်းဆွဲတယ်၊ ဆင်းရဲမယ်၊ ဟိုငယ်စဉ်က စိတ်ကိုမပယ်ဖြစ်တော့ ရစ်ပတ်မယ်၊ အမြစ်မပြတ်တော့၊ ဘင့်ကိုသက်လိမ့်မယ်။ ။

## ၄၃။ အိုသေ၊ နာသေ၊ နေ့တိုင်းသေ၊ တွေလေ မမြင်လား။

ဆီမီးပမာ၊ ရေစီးဘာ၊ ရုပ်ပါဉာဏ်ဖြင့်ပွါး။
ခန္ဓာတွင်းမှာ၊ သေလိုက်တာ၊ မသာအလွန်များ။
ရုပ်နာမ်မွေးဖွါး၊ ရွာခြောက်ပါး၊ ထင်ရှားသိစေသား။

ရုပ်နာမ်တွေသော၊ သင်္ခါရပ်မြေ ခြောက်ထွေမြဲမှတ်သား။

အကြောင်းဖြစ်တော့ အသစ်ပေါ်တယ်။ အကြောင်းချုပ်ငြိမ်း၊ ရုပ်သိမ်းကြမယ်။

ကုသလာဘိသင်္ခါရော ရောဂ ဒိဿာ တသ္မာ သမုဋ္ဌာန်
ပရိယေသတိ၊ ပုတ္တကော ဒိသွာ တဿ မာတာပိတရော အဝစ္ဆတိ။

(ဝိသုဒ္ဓိမဂ္ဂ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂၃၃)

လိမ္မာလှတဲ့ ဆေးဆရာ၊ ရောဂါတွေက ဖြစ်ကြောင်းရှာသို့၊ လမ်းအပြင်ဝယ်၊ သားငယ်တွေ့လျှင်၊ သနားကြင်၍၊ ဘမိခင်ကို၊ ရှာကြတာလို၊ ရုပ်နာမ်တွေ့လာ၊ ဖြစ်ကြောင်းရှာ၊ ပညာအလုပ်မှတ်၊ ရုပ်အကြောင်းကားငါးပါးမှတ်ကွယ်သိရမယ်။ ၊

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ ဤငါး ဝကြောင့် ရုပ်ဖြစ်တယ်။

အဝိဇ္ဇာဒယော တယော ဇုမဿ ကာယဿ
မာတာဝိယ ဒါရကဿ ဥပနိဿယာ ဟောန္တိ။ ။
အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤသုံးတန်ဝယ်၊ ရုပ်၏အမိဖြစ်ကြတယ်။

ကမ္မံ ပိတာဝိယ ပုတဿ ဇနက ံ။
ဦးကမ်ရကို၊ ရုပ်၏အဘလို့ ဆိုရမယ်။

အာဟာရော ဓါတိဝိယ ဒါရကဿ သန္ဓာရကော။ ။

အာဟာရ အသွယ်သွယ်၊ ရုပ်ကိုကျွေးရတယ်၊ နို့ထိန်းမနှင့် တူလှတယ်၊ မလိမ္မာ မိုက်ကန်းလှစွာ၊ မယ်အဝိဇ္ဇာက၊ သစ္စာ ၄-ဖြာကို။ ဖုံးကာထားလိုက်တော့၊ သမုဒယသစ္စာ၊ ဒေါ်တဏှာက၊ ဒုက္ခသစ္စာကို၊ သုခထင်၊ လိုချင်လိုက်၍၊ ကြိုက်မိတယ်၊ မယ်ဥပါဒါန်က၊ အကြိမ်မလျှော့၊ စွဲယူလိုက်တော့၊ ဦးကမ်ရှင့် အိမ်ထောင်သင့်ကြပေါ့၊ ရုပ်တရားဆိုတဲ့၊ သားသမီးတွေကို မွေးကြတယ်၊ ဒေါ်အာဟာရမယ်က၊ နို့ထိန်းသယ်ရုပ်ကိုထိန်းရတယ် ၊

နာမ်ဖြစ်ကြောင်းကား သာဓာရဏ၊ အသာဓာရဏ ဟူ၍ ၂-ပါးမှတ်ရမယ်။ ဒွါရခြောက်စုံ၊ အာရုံခြောက်ခု၊ အကြောင်းစုကား၊ ဝိညာဏ်ခြောက်ပါး၊ နာမ်တရား၊ ဖြစ်ပွါးသာဓာရဏ မှတ်ရမယ်။ သူတော်ကောင်းနှင့် ပေါင်းဖေါ်၊

တရားတော်ကိုနာ၊ သင့်လျော်စွာနှစ်လုံးထား၊ တရားတော်နှင့်အညီကျင့်၊ လေးဆင့်အကြောင်း၊ အပေါင်းမှန်မှန် ကုသိုလ်နာခံ၊ ဖြစ်ပြန်အသာခာရဏာတည်း။ ။

က ံတရားကြောင့်၊ ဝိပါက်နာမ်များ ဖြစ်ပေါ်ငြား၊ မှတ်သား အသာခာရဏာတည်း။ ဘဝင်နာမ်ကြောင့်၊ အာဝဇ္ဇာန်းနာမ်၊ ဖြစ်ပေါ်ပြန်၊ မှတ်ရန် အသာခာရဏာတည်း။ အာဝဇ္ဇာန်းကြောင့်၊ ဝိညာဏ်ခြောက်ပါး၊ ဖြစ်ပေါ်ငြား မှတ်သား အသာခာရဏာ ာည်း။ ။

ယခုဘဝ ရုပ်နာမ်ဓမ္မ၊ ဘယ်ဘဝကစ ဖြစ်လာရတယ်၊ သိကြကွယ်၊ မိမိ၏အစသစ်ကိုရှက်၊ အစာဟောင်းထက် ကုတ်ကုတ်ထိုင်၊မလှုပ်နိုင်၊ မျောက်အိုမှိုင်သူမှိုင်လို့၊ မခံနိုင်ပုတ်အသိုး ဘင်အိုးမှာဖြစ်သည်ပုံ၊ သားအိမ်လွှာဟိုအတွင်းက၊ စဆင်းလို့ဖြစ်ကြကုန်၊ ဒုက္ခရယ်ကြုံ၊ ဗိုက်တွင်းမှာ တကယ်ငုံပေါ့၊ ရုပ်ဖြစ်ပုံ ဒုက္ခကြီးတယ်၊ နာမ်ဖြစ်ပုံ ဒုက္ခမီးရယ်၊ ပြီးနိုင်ဘုကွယ်၊ ချုပ်ကြတယ်၊ ရုပ်ဓမ္မနယ် အသွယ်သွယ်တို့၊ သုံးဘုံနယ်အခြေမလှလို့ သေကြရတယ်။ မသေတဲ့ဆေး၊ သစ္စာလေး၊ ကြံတွေးသောက်ကြကွယ်၊ အိုနာသေ အကုန်ဖြတ်လို့၊ ထူးမြတ်တဲ့ ဆေးအကျော်၊ စားဘို့လွန်တော် သစ္စာခေါ်၊ ဆေးဘော်က ထင်လင်း၊ စားသူမှာ အသေကင်းတယ်၊ ဆေးမြတ်ဖြစ်ခြင်း။ ။

## ၄၄။ သစ္စာလေး၊ အမြတ်ဆေးကို၊ မစားလျှင်ငိုပွဲဝင်

သံသရာနှောင်အိမ်တွင်းက၊ စာရင်းနှင့်တူစုံပျော်။ ခွဲရမယ်နှော်၊ ခွဲကြစို့နော်။ လင်ခဲ့ရန် သင်၂မေ့နှင့် စေ့စေ့ကြည့်နော်။ တွဲလို့ရဲ့ပျော်၊ ခွဲသော်ကငိုပွဲ၊ သံသရာနှောင်အိမ်ထဲဝယ်၊ မာန်ရှိတဏှာ ဖြောင်လိမ်ဆွဲတယ်။ ခွဲတော့ငိုပွဲ။

အာလျှာသော့ခြောက်၊ စိတ်ရှုးနောက်အောင်၊ မဆောက်တည်နိုင်၊ ကြံမှိုင်ပူဆွေး၊ ငိုကြွေးတဲ့မပယ်ဒါ၊ မယ်ဖြူပြာ၊ ဘယ်သူဆိုလို့၊ ရှိုက်ငိုသလဲ၊ သမုဒယသစ္စာ၊ တဏှာသူခိုက်၊ အပူဘိုက်ပြီး၊ ရှိုက်ဆိုလို့၊ ရှိုက်ငိုမိပါတယ်၊ ။

## ၄၅ တဏှာအစေးသည်၊ သံချေးနှင့်တူ၏။

အယသာဝ မသံသမုဋ္ဌံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။ ။
ဧဝံအတိဓောန စာရိနံ၊ သာနိကမ္မာနိ နယန္တိဒုဂ္ဂတိံ၊
(ဓမ္မပဒပါဠိတော် ၁၈-မလဝဂ္ဂ- ၃-၊ တိဿဝတ္ထု၊အဋ္ဌကထာ ၂၁၈)

သံကိုသံဖျက်၊ သံချေးတက်ခါ၊ သံကိုသာစား၊ မခြားတူစွာ၊ သမုဒယ သစ္စာ။

တဏှာဆွဲဆောင် ပြဋ္ဌာဘောင်၊ သန်းကောင်ဖြစ်ရသည်။

သမုဒယသစ္စာ တဏှာဆွဲဆောင်၊ ပြဋ္ဌာဘောင်၊ ပိုးကောင်ဖြစ်ရသည်။

သမုဒယသစ္စာ၊ တဏှာဆွဲချ၊ ကြည့်မလှ၊ ကြွက်မဖြစ်ရသည်။

သမုဒယသစ္စာ၊တဏှာဆွဲဆောင်၊ ပြဋ္ဌာဘောင်၊ မြွေကောင်ဖြစ်ရသည်။

သား၌အစွဲပြုဟဲ့၊ သမုဒယသစ္စာ၊ တဏှာဆွဲချ၊ ကြည့်မလှ ခွေးမ ဖြစ်ရသည်။

သမုဒယသစ္စာ၊ တဏှာဆွဲချ၊ ကြည့်မလှ၊ ဗျိုင်းမဖြစ်ရသည်။

သမုဒယသစ္စာ၊ တဏှာဆွဲချ၊ ကြည့်မလှ၊ ဝက်မဖြစ်ရသည်၊ ကြက်မ ဖြစ်ရသည်၊

တဏှာအရေးကြီး၍၊ ခွေးထီးဖြစ်ရသည်၊ တဏှာဘေးခါ၊ ရေးမလှ ခွေးမဖြစ်ရတယ်၊

## ၄၆။ တဏှာကိုလက်ခံလျှင်၊ သေဘို့သာပြင်ကြပေတော့။

တဏှာက၊ ဘယ်သူ့ကိုမှ မညှာဘူး၊ တဏှာပူးရင်၊ ရူးမယ်၊ တဏှာ နှိပ်စက်ရင်၊ အဆိပ်တက်မယ်၊ တဏှာကပြောနေတယ်၊ ဟေလူတို့၊ ငါ့ကိုသင်တို့ ကရှောင်ကြ၊ ငါကဘယ်သူ့ကိုမှ မရှောင်ဘူး၊ တိဿရဟန်း၊ သန်းဖြစ်အောင် လုပ်တာငါကွ၊ သောရေယျသူဌေးသား၊ လိုးရောကပြားအောင်လုပ်တာငါကွ။ ။

(ဓမ္မပဒ အဋ္ဌကထာ ၃ စိတ္တဝဂ္ဂ ၉ သောရေယျဝတ္ထု၊ ၂၀၇)

သမုဒယသစ္စာ၊ တဏှာကြောင့်၊ အရှင်အာနန္ဒာအလောင်း မိမ္မ ၁၄- ဘဝဖြစ်ရတယ်၊ ငရဲ့စေ့ အထုတ်ခံရတယ်၊ ၇-ဘဝ။ ။

သမုဒယသစ္စာ၊ ဘယ်သူ့ကိုညှာလို့လဲ၊ အာနန္ဒာ မိမ္မဖြစ်ဘယ်၊ တဏှာ ညှစ်ဘဲ။ ။

(မဟာနိပါတ ၈၊ မဟာနာရဒကဿပဇာတ် ပါဠိတော်အဋ္ဌကထာ ၁၂၇)

အဿက ဘုရင်ဘောင်ညှာဟင်ထားတဲ့၊ မိဖုရား ဥပရိဒေဝီ၊ မဟေသီလဲ တဏှာဆွဲဆောင် ပြဋ္ဌာဘောင်၊ ပိုးကောင်ဖြစ်ရတယ်။ ။

(ဒုကနိပါတ ၆၊ နတံဒဠှဝဂ္ဂ ၇-အဿကဇာတ် အဋ္ဌကထာ ၁၃၄)

ကာကဏ်၏ မိခင်သည်၊ ရှေးအခါက၊ ကာသိကတိုင်းတွင်၊ ကုဋေ ၄၀-ကြွယ်ဝသော သူဌေးမကြီးဖြစ်၏၊ ဥစ္စာတို့ကို စွဲလျှက် ဥစ္စာမြှုတ်ရာ အထက်၌၊ ကြွက်မကြီးဖြစ်၏။ ။

(ကေနိပါတ ၁၄၊ အသမ္ဗဒါနဝဂ္ဂ-ဗဗ္ဗုဇာတ်အဋ္ဌကထာ ၅၀၄)

ဥစ္စာကို တဏှာဖြင့်စွဲလေ၍၊ မြွေဖြစ်ရသည်။ ။

(ဧကနိပါတ-၈၊ ဝရုဏဝဂ္ဂ၊ သစ္စံကိရဇာတ်အဋ္ဌကထာ ၄၄၂)

သား၌စွဲတဲ့သမုဒယသစ္စာ၊ တဏှာဆွဲချ ကြည့်မလှ၊ ခွေးမဖြစ်ရသည်။ သမုဒယသစ္စာ တဏှာဘေးခါ၊ ရေးမလှ၊ ခွေးမဖြစ်ရသည်။ သားသွီး ပစ္စည်းတဲ့ အဖုံဖုံ၊စိတ်အာရုံ တွေးဆချစ်တယ်၊ ခွေးမဖြစ်မယ်၊ တရားဘူးကိုတဲ့ ဘက်ကြကုန်၊ နိဗ္ဗာန်သောင် ဟိုမှာဘက်သို့၊ ကူးတက်ကြကုန်၊ ၊

(တိကနိပါတ ၃၊ ဥဒပါနဝဂ္ဂ၊ ၉ သတပတ္တဇာတ်အဋ္ဌကထာ ၃၄၈)

ကိုမာယ၏ခင်ပွန်း၊ သုဇာတာ၊ ကုသိုလ်၌ဝါသနာမပါ၊ တဏှာကြောင့် ဗျိုင်းမဖြစ်ရရှာ၏၊ ကုသိုလ်ကို သူမယူ၊ တဏှာဝိုင်းကူကြ၍၊ ဗျိုင်းမလေးဖြစ်ရရှာ၏။

(ဓမ္မဓမ္မပဒ အဋ္ဌကထာ ၂-အပ္ပမာဒဝဂ္ဂ၊ ၇-မာဃဝတ္ထု၊ ၁၇၁ ပ-၄)

ယမုဒယသစ္စာ။ တဏှာအချစ်ပြင်းတဲ့၊ အမြစ်အရင်း၊ မြိုင်ခြင်းအတွက် ဝက်ငယ်မဖြစ်ရတယ်။ ယတာပိမူလေ အနုပဒ္ဒ ဝေဒဋ္ဌေ၊ ။

(ဓမ္မပဒပါဠိတော် ၂၄ တဏှာဝဂ္ဂ ၂ သူကရပေါတိ္တကဝတ္ထု၊ အဋ္ဌကထာ ၃၃၁)

သေခါနိ၊ တရားသူကြီးကိုမေ့ခါ၊ ငပ်မွှမ်းမအပေါ်မှာ သမုဒယသစ္စာ၊ တဏှာဖြင့်၊ အရေးကြီး၍၊ ခွေးထီးဖြစ်ရှာ၊ ကြောက်စရာ၊ တရားဘူးကို ဘက်ခါ ကူးတက်ကြပါ။

(ဓမ္မပဒအဋ္ဌကထာ ၉၊ ပါပဝဂ္ဂ ၁၁ တဃောဇနဝတ္ထု၊ ၂၆)

သမုဒယသစ္စာ၊ ချစ်တာကိုမပယ်ခွါ ၊ အရှုံးမ၊ မိဆိုင်း၊ ဖိုးဆိုင်းသည်၊ ပမာ၊ နောင်အခါသော်၊ အော်ကြရမယ်။

အရှုံးမမိဆိုင်း၊ချမ်းတာနှင့်၊ ကောက်ရိုးကျော့ ကစ္ဆပ်ငှ ပြုပြည့်ပတ်ပြီး၊ အလည်က သူဝင်လို့ မီးရှို့တော့၊ အရှုံးမမိဆိုင်းကို၊ မီးတွေဝိုင်းကုန်ရော၊

အရှုးမမိဆိုင်းကို၊ မီးဝိုင်းလို့အော်တော့၊ ဟယ်အရူးမ၊ နင့်ကို ဘယ်သူမီးရှို့သလဲလို့ မေးကြတော့၊ ငါ့ဟာငါရှို့တဲ့မီးဘဲဟု ပြောတာလိုပါဘဲ၊ အရူးမမိဆိုင်းလို မီးဝိုင်းမခံကြနှင့်၊ ကိုယ့်ဟာကို၊ ရှို့မနေကြနှင့်၊ မီးမလောင်ခင်၊ ရေငင်၍အပြည့်ထား၊ လောင်လာလျှင်၊ ပူမပွါးအောင် ပက်ကြပါလား။ သေခါနီး အရေးကြီးတယ်၊ တရားဘူးကို ပေးထားမယ်၊ လှေသူကြီး လှေပျက်တော့၊ ရွှေမက်လို့ဘူးမေ့သဖြင့် သေဘေးနှင့်တွေ့ရတယ်၊ သေခါနီး သားသမီးပစ္စည်းများကိုစွဲပြီး ၊တရားဘူးကြီးကို၊ မေ့ရစ်လျှင်၊ နစ်ပေအုံးတော့ကွယ်။ ။

ခန္ဓာလှေအို၊ ရေယိုလျက်၊ လှေပျက်တဲ့အခါ၊ ရွှေကိုမမက်ဘဲ၊ ဘူးကိုဘက်၍၊ ကူးတက်ပါမယ်၊ ကူးတက်ပါမယ်၊ ခန္ဓာလှေပျက်ခတော့၊ ကူးတက်ရအောင်၊ တရားဘူးကြီးကို ဆောင်ထားကြ။ သည်ခန္ဓာလှေကွဲ၊ ရေနက်ထဲမြုတ်ရမယ်။ မမြုတ်ခင် ဘူးကိုသာ။ မြန်မြန်ပြင်တော့၊ ဘုရားရှင်ပေးတဲ့ဘူးကို၊ ပွေ့ဖက်လို့ကူး။ ။

## ၄၇။ သည်ခန္ဓာအပုတ်၊ ကိုယ်ပိုင်မဟုတ်၊ ဟုတ်တယ်လို့ထင်၊ သူမိုက်ပင်။

ပုတ္တမတ္ထိ ဓနမတ္ထိ၊ ဣတိဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနောနတ္ထိ၊ ကုတောပုတ္တော ကုတောဓနံ။ ။

လူမိုက်များက၊ ငါ့တို့၌ သားသမီး ရှိတယ်၊ ပစ္စည်းရှိတယ်လို့ အမှတ်ပြုနေကြတယ်၊ မရှင်မလန်း ပင်ပန်းဘို့ဖြစ်ကြမယ်၊ မိမိတို့၏ကိုယ်ကို၊ မိမိတို့ ဘဝတပါးသို့၊ ယူသွားလို့မရကြ၊ လူမိုက်မဖြစ်အောင်၊ အနတ္တကို မြင်အောင်ဆောင်။

## ၄၈။ လူမိုက်ကြီးတမျိုး၊ လူမိုက်ကလေးတမျိုး၊ လူမိုက် ၂-မျိုး ကြီးစားမှတ်။

ယောဗာလော မညတိဗာလျံ၊ ပဏ္ဍိတောဝါပိတေနသော။
ဗာလောစ ပဏ္ဍိတမာနီ၊ သဝေဗာလောတိ ဝုစ္စတိ။ ။

သူခိုးနှစ်ယောက် တယောက်က၊ တရားနာလို့၊ သောတာပန်ဖြစ်တယ်၊ တယောက်ကခိုးလို့ ပစ္စည်းနည်းနည်းရတယ်၊ ခိုးတဲ့လူက၊ တရားနာလို့ သော

သောတပါန်ဖြစ်သူကို။ သင်မိုက်လို့၊ ဘာမျှမရတာဟု ပြော၏၊ မိုက်သောသူသည်၊ ငါမိုက်တယ်လို့ သိလျှင်၊ ပညာရှိဟု ဆိုသင့်သေး၏၊ အဲဒါ လူမိုက်ကလေးဘဲ။ မိမိမိုက်လို့၊ သူတပါးပစ္စည်းခိုးယူလာတာ၊ သူ့ဟာကိုတော့သူက ပညာရှိကြီးလုပ်ပြီး၊ တရားနာလို့ သောတာပါန်ဖြစ်သူကို၊ လူမိုက်လို့သူကဘဲ ဆိုဝံ့ရဲတယ်၊ အဲဒီလူဟာ လူမိုက်ကြီးဘဲ။ ၊

## ၄၉။ လူမိုက်သည် မကောင်းမှုကို များလိုချိတယ်။

မဂ္ဂဝ မညတိဗာလော။

လူမိုက်တွေ၊ သံသရာရှေ၊ သေကြပေအုံးလေ၊ သံသရာအဆုံး မကျူးနိုင်လျှင်၊ အသေမတုံးဘူး

ဒီဃာဇာဂရတော ရတ္တိ၊ ဒီဃံသန္တဿ ယောဇနံ။
ဒီဃောဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။ ။

အိပ်မပျော်တော့၊ ညဉ့်ရှေထင်၊ ခရီးပန်းတော့ ဝေးလှအင်။ တရားကိုမှ မသိလျှင်၊ လူမိုက်မည်တွင်၊ သံသာရွင်၊ သေကြဘိုသာပြင်။ ။

(ဓမ္မပဒပါဠိတော် ၅-ဗာလဝဂ္ဂ)

## ၅၀။ အန္ဓဗာလထိုစာရင်း၊ မြန်မြန်ဖြတ်မှ အသေကင်း။

အန္ဓဗာလထိုစာရင်း၊ မြန်မြန်ဖြတ်မှ အသေကင်း၊ သင်မရှင်းလို့ သင်ရှုပ်ပွေ၊ ခဏခဏသေ၊ တကယ်ရှင်းလို့ အဟုတ်ပြေ၊ ချမ်းသာကြပြီလေ၊ လူလိမ္မာတွေအသေကင်း၊ သံသရာက ထွက်ခွါခြင်း၊ တရားသိဘို့သင်လိုရင်း။

သဟ္တတိံသ ဗောဓိပက္ခိယဓမ္မေ သဒ္ဓမ္မံဥတ္တွာ
သံသာရဿအန္တံ ကရောန္တိ။

(ဓမ္မပဒအဋ္ဌကထာ ၅။ ဗာလဝဂ္ဂ ၁-အညတြပုရိသဝတ္ထု၊ ၂၈၉)

အို နာ သေ အကုန်ဖြတ်လို့၊ ထူးမြတ်တဲ့ ဆေးအကျော်၊ စားဘို့ လွှန်တော် ဗောဓိခေါ် ဆေးတော်က အမည်ဘဲ၊ ၃၇-ဖြာနှင့် စားသူမှာရောဂါကင်းတယ် ဆေးမြတ်ဖြစ်ခြင်း၊ ။

ဆေးမြိတ်ကိုမကြိုက်တဲ့အမျိုး၊ စရိုက်ဆိုးလို့ဆိုကြမယ်။ စရိုက်ဆိုး လိုက်ထိုးလို့ပုံမဟန်၊ ပိုးဖလံအကောင်မျိုး၊ မီးတိုးသည့် ပုံသဏ္ဌာန်၊ အသိဉာဏ်တကယ်နဲ့၊ ဝဋ်ဆင်းရဲ လွန်ရှည်ကြာ၊ မလိမ္မာချာသာနှင့် လွန်ဝေး၊ သိလာလျှင် တကယ်အေးဟယ်၊ ဟုတ်အမှန်သစ္စာလေးကို၊ ရှင်ယောဂီ ဉာဏ်မထွေးအောင်၊ ကြံတွေး လို့ဆောင်။ ။

## ၅၁။ အပျင်းဆွဲတယ် ဆင်းရဲမယ်။

ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ နဘိက္ခဝေ ဟီနေန
အဂ္ဂဿပတ္တိဟောတိ အဂ္ဂေနစ ခေါ ဘိက္ခဝေ အဂ္ဂဿ
ပတ္တိဟောတိ။

(နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်- ၂၆၇)

အပြင်းဆွဲတယ်၊ ဆင်းရဲမယ်၊ ဟိုငယ်ငယ်က စိတ်ကိုပယ်၊ တရားစစ်ကို အားသစ်ကွယ်၊ သစ္စာ လေးသွယ် ဉာဏ်ကြယ်ကြယ်နှင့် သိရမယ်၊ ဝီရိယတုံး အရှုံးပေါ်လိမ့်မယ်၊ လုံးလတိုးပွား၊ လွန်အားထားမှ၊ အကျိုးချားမယ်၊ မသိခင်က အချိန်ကုန်၊ သိပြန်တော့လဲ ကလိန်ချုံ၊ မဖြစ်ကြစေကုန်။ ။

## ၅၂။ ခိုင်းတော့သူဘဲ။

တဏှာတွေ ပူလေပေါ့နေ့တိုင်း၊ သံသရာ ခန္ဓာတိုင်းဝယ်၊ ရန်ဘယာမှန်စွာငိုင်းတယ်၊ ခိုင်းတော့သူဘဲ၊ ဘယ်သူကခိုင်းလို့ ကုတ်ကုတ်၊ ကုတ်ကုတ်နှင့်၊ အားထုတ် လုပ်နေရတာလဲ၊ မမေ့နောင်ခါ၊ ခိုင်းစေသူကို တွေ့အောင်ရှာ။ ။

တဏှာ အာဏာပေတိ တဏှာဒူတော ဥဒရဒူတော၊

ဘုရားအလောင်းတော်၊ ဘောဇနသုဒ္ဒ မင်းကြီး၏၊ ပွဲတော်အုပ်ကို လူတယောက်က မင်းစေတမန်လုပ်ပြီး၊ အတင်း ငင်နှိုက်စားတယ် လည်ကုတ်ကို ဓားနှင့် ခုတ်စင်းသတ်မယ် လုပ်တော့၊ မင်းကြီးက၊ မင်းစေကို မသတ်ကောင်းဘူး ဝဝလင်လင်စိတ်ရှင်ရှင်စားပါဟု၊ မင်းကြီးကခွင့်ပြုတယ်၊ စားပြီးသောအခါ၊ အဘယ်မင်း၏ စေတမန်ဖြစ်ပါသလဲ ဟုမေးတော့၊ တဏှာမင်းထံ၊ စေတမန်အမှန်ဖြစ်ပါကြောင်း၊ ဗိုက်ဝမ်းမင်းထံ စေတမန် အမှန်ဖြစ်ပါကြောင်း၊ သံသရာ တလျှောက်မဆုံး၊ သည်ဗိုက်ဘလုံးတွက်ဘာ၊ စားဘို့ဝတ်ဘို့ရာအဖြာဖြာ၊ ရှာဖွေကြရတာ၊ ကုန်းရုန်းရုန်း၊ အရှုံးတွေ၊ မမုန်းနိုင်တဲ့ ဘုံဓလေ့မှာ၊ ငြီးငွေ့မော

ရှင်ရှင်ပျော်ပြီး၊ တဏှာမည်တွင်၊ ကေရိသင်၊ ဘုရင်မကြီး ဦးစီး၍ လိုက်ခြင်း ရှိသော မိုက်ဝမ်းမင်းကြီးတို့၏ အစေခံတမန်ဖြစ်ကြရကုန်၏။ ။

တဏှာမင်းစေလူတထွေ၊ အသေခံဝန့်သည့်၊ မိုက်ဝမ်းမင်းစေ၊ လူတထွေ အသေခံဝန့်သည်၊ ဒူတဇာတ်သွား မှတ်ခါထား၊ ကြိုးစား ကြောက်သင့်သည်၊ တဏှာသူဘုရင်ပ အာဏာရှင် တော်တော်ပြင်းတယ်၊ မင်းစေလုပ်နိုင်း၊ သံသရာနှောင်အိမ်တွင်းမှာ၊ မိုက်မင်းရဲ့စေတမန်၊ သွေလှန်လို့ ရနိုင်ဘဲ၊ အသေခံ ကျွန်ပ်ရဲတယ်၊ ခိုင်းတော့သူဘဲ။ ။

ဝမ်းစာဝရေး ရှာကြွေးခါခါ၊ အလွန်ဝန်လေး ပူဘေးဖြာဖြာ။
သည်မိုက်တလုံး မဆုံးနိုင်ပါ၊ ကျွေးမဝ လေးလှသည်ခန္ဓာ။ ။

**(တိကနိပါတ ၁၊ သက်ပွဝဂ္ဂ ၁၀၊ ဒူတဇာတ်အဋ္ဌကထာ ၂၈၈)**

## ၅၃။ ကျေးဇူးရှင် အမှန်ကို၊ သတ်မည်ကြံတဲ့ သမုဒယ သစ္စာ တဏှာမိုက်။

အရှင်အာနန္ဒာ အလောင်းက၊ ရေထမ်း ရောင်းစားရတယ်၊ ဘုရားအလောင်းတော်က၊ ဥဒယမင်းကြီးဖြစ်နေတယ်၊ ပါရမီဖြည့်ဘက်ဖြစ်၍၊ မင်းကြီးကတိုင်းပြည်တဝက်ခွဲပေးတယ်၊ အနုမာသကမင်းလို့ အမည်ပေးတယ်၊ တနေ့ကျတော့၊ ဥယာဉ်တွင်းဝယ်၊ အနုမာသကမင်း၏ ပေါင်အပေါ်၌၊ အလောင်းတော် ဥဒယမင်းကြီးက၊ အိပ်ပျော်နေတုံး၊ သုံးခါသတ်မည်ကြံဘယ်၊ မှားမှန်းသိတော့၊ မင်းကြီးကို နှိုးပြီး၊ သည်းခံတော်မူပါ၊ အသင်မင်းကြီးကို သတ်မည်ကြံမိပါသည်၊ မှားပါပြီဟု တောင်းပန်လေ၏။ ဥဒယမင်းကြီးက၊ အသင်အနုမာသကမင်း၊ တိုင်းပြည်အုပ်ချုပ် မင်းကြီးလုပ်ပါ၊ အကျွန်ုပ်က အိမ်ရှေ့မင်းလုပ်ပြီး၊ သင့်ကိုခစားပါမယ်ဟု ပြော၏၊ အနုမာသကမင်းက။ ။

အဒ္ဒသံကာမ တေမူလံ၊ သက်ပ္ပါကာမ ဇာယတိ။
နတံသက်ပ္ပယိဿာမိ၊ ဧဝံ ကာနဟေဟိသိ ။

သမုဒယသစ္စာ၊ တဏှာကွဲမြစ်ရင်း၊ ဥာဏ်အရောင်ပြောင်ပြောင်လင်းလို့ ရှုမြင်ကြမင်း၊ ကြံဒီလို့သူ့ာင်လာ၊ ပူပင်စရာကွဲ အလွန်ပြင်း၊ မကြံချင် အကုန်ကင်းမယ်၊ စွန့်ပယ်မှုနှင်း၊ ဟယ်ကာမအချစ်၊ သင့်အမြစ်ကို၊ ငါမြင်ပါပြီ၊ မနောင်ခါအရှည်၊ ရှောင်ပါသည်၊ သင့်ကိုငါမကြံစည်၊ တောသို့ထွက်တော့မည်။ ။

အပ္ပါပိကာမာနအလံ၊ ဗဟူဟိ ဝိနတပ္ပတိ။
အသာတာဗာလ လပနာ၊ ပရိဝဇ္ဇေထ ဇဂ္ဂတော။ ၊

ပစ္စည်းနည်းတော့လဲ၊ နှလုံးမငြိမ်၊ ပစ္စည်းများပြန်တော့လဲ တင်းမတိမ်၊ ရေချိန်မကိုက်၊ တဏှာမိုက်ကို၊ အလိုမလိုက်ကြနှင့်၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို အားထုတ်ပွါး၊ သမုဒယသစ္စာကို၊ ပယ်စွန့်ထား၊ ။

ဣမေဝိပဿနံ ဝဍ္ဎေတွာ ဗောဓိပက္ခိယာနံ ဓမ္မာနံ ဘာဝနာ
နုယောဂ မနုယုတ္တော ဇဂ္ဂန္တော ကုလပုတ္တောပရိဝဇ္ဇေထ၊ ။

(ပါဠိဇာတ်ပါဠိတော် ဂ အဋ္ဌကနိပါတ ၅ ဂင်္ဂမာလဇာတ်အဋ္ဌကထာ ၄၂၇)

## ၅၄။ တဏှာထန်ပြင်းလို့၊ အတောမသတ်နိုင်တော့ သိကြားမင်းကို သတ်မည်ကြံခြင်း။

မန္ဓာတု စကြာမင်းကြီး၊ အသက်အသချေ်ယတန်း၊ သူငယ်အဖြစ်နှင့်၊ အနှစ်ပေါင်း ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းအဖြစ်နှင့် အနှစ်ပေါင်း ရှစ်သောင်းလေးထောင်၊ စကြာမင်းကြီးအဖြစ်နှင့်၊ အနှစ်ပေါင်း ရှစ်သောင်းလေးထောင်၊ လူ့ပြည်မှာ စံစားရတယ်၊ လက်ခမောင်းခပ်လျှင်၊ ရတနာ ၇-မျိုး မိုးယံကြီးအူးပဆစ် မြုတ်အောင်ရွာတယ်၊ အားမရလို့၊ စာတုမဟာရာဇ်ဘုံမှာ နှစ်ပေါင်းများစွာ၊ လူ၏အဖြစ်နှင့်၊ စံစားရတယ်၊ အားမရလို့ တာဝတိံသာ နတ်ပြည် တက်သွားတယ်၊ သိကြားမင်း ကြီးက၊ တဝက်ခွဲ ပေးတယ်၊ သိကြား တယောက်လျှင်၊ အနှစ်ပေါင်း သုံးကုဋေခြောက်သန်း အသက်ရှည်တယ်၊ သိကြားပေါင်း ၃၆-ယောက် သေတယ်၊ မန္ဓာတုစကြာမင်းကြီး၊ မသေသေးဘူး၊ သိကြားစည်းစိမ် ကုဋေတရာ့ငါးဆယ် ခြောက်သန်း စံမြန်းပြီးတော့၊ သိကြားကို သူကသတ်မယ်ကြံတယ်၊ အတော်ဆိုးတဲ့ တဏှာ၊ အဘော် လောဘကြီးတဲ့ တဏှာ၊ စံစားလို့မပြီးတဲ့တဏှာ၊ စံစားလို့မဝနိုင်တဲ့တဏှာ၊ သမုဒ္ဒရာနှင့် တူတဲ့ တဏှာ၊ နည်းနည်းရတော့လဲ နှလုံးမငြိမ်၊ များများရပြန်တော့လဲ၊ တင်းမတိမ်၊ သိကြားကို သူကသတ်မည်ချိန်သေးတယ်။ လူ့ပြည်သို့လယ်ကျလာ၍၊ သေရရှာတယ်။

အတော်ဆိုးတဲ့ သမုဒယသစ္စာပေ၊ မန္တာတုမင်းစကြာလေ၊ ။

တဏှာတွေ များစွာတတ်လို့။ သိကြားကို သူက သတ်မည်၊ ကြံရက်ပေသည်၊ တဏှာကိုမှ ကိုယ်ကမနိုင်လျှင်၊ သင့်ကိုပင် ပူပွေ မပြတ်အောင်၊ အသေသတ် အဖန်ဖန်၊ ခံဘို့သာကြံ၊ ဝဋ်ထောင် အတွင်းက၊ မောင်မင်းမလွန်လျှင်၊ တဏှာကျွန် ဖြစ်အုံးမယ် လေး၊ ။

အပ္ပဿာဒါ ဒုက္ခာကာမာ၊ ဣတိဝိညာယပဏ္ဍိတော၊
အပိဒိဗ္ဗေသု ကာမေသု ရတိံ သောနာဓိဂစ္ဆတိ။
တဏှက္ခယ ရတောဟောတိ။ သမ္မာသမ္ဗုဒ္ဓ သာဝကော။

(ပါဠိဇာတ် ပါဠိတော် ၃။ တိကနိပါတ-၁၊ သက်ပွဝဂ္ဂ-၈၊ မန္ဓာတုစကြာမင်းကြီး ဇာတ်အဋ္ဌကထာ ၂၀၁)

## ၅၅ သမုဒယသစ္စာ တဏှာက၊ ဈာန်ရှင်ကိုလဲ သူမညာလို့ရသေ့ခမြာကြီးမှာတဏှာမီးလောင်ခြင်း။

ဈာန်နှင့် ပျော်မွေ့တဲ့ ရသေ့ကြီး၊ မုဒုလက္ခဏာမိဖုရားကြီး၏ ကိုယ်အင်္ဂါကို တွေ့မြင်လာ၍၊ ဈာန်ကင်းကွာပြီး၊ ကိလေသာမီး အလောင်ခံရ၏။ ။

ကိလေသဂ္ဂိနာ ဥယှမာနော နိရာဟာရတာယ သုဿတိ။

(ပါဠိဇာတ် ပါဠိတော်၊ ကေနိပါတ-၇။ ဣတ္ထိဝဂ္ဂ-၆ မုဒုလက္ခဏာဇာတ် အဋ္ဌကထာ ၃၂၃)

## ၅၆၊ သမုဒယသစ္စာ၊ တဏှာမြှားစူး၍ ဈာန်နှင့်ပျော်မွေ့တဲ့ သက်ပွရသေ့ကြီး နုံးမေ့နေခြင်း။

ဈာန်နှင့်ပျော်မွေ့ သက်ပွရသေ့ကြီးသည်၊ မိဖုရား၏ကိုယ်အင်္ဂါအစုကို၊ မရှောင်ဘွဲ့ပါဘဲ၊ သာယာဘွယ်မိသဖြင့်၊ ဈာန်မှကင်းခြင်းကြောင့် အားနည်းသော နှင့်၊ မအိပ်မှုန် ညှိုးမှိုင်ငွေ့နုံ၊ လူလုံးမလှ ဖြစ်ရာရ၏။ ဗာရာဏသီမင်းကြီးနှင့် တွေ့သောအခါ၊ အရှင်ရသေ့ကြီး ဘာဖြစ်ပါသနည်းဟု မေးလျှင်၊ ငါ့ကို အဆိပ်လူ မြှားမှုးခင်ကသက်ဟု ပြော၏။ မင်းကြီးက၊ ရသေ့ကြီး၏ ကိုယ်ကို

စမ်းကြည့်ပြီး၊ အရှင်ဘုရားစူး ခင်ရာလဲ မမြင်ပါကသား၊ ဘယ်နေရာက ဘယ်လို စူးသလဲ၊ ပြောပြပါ၊ ဆရာဝန်ခေါ်ရအောင်၊ အဆိပ်ပြေဆေးနှင့် ကုပေးပါမည်ဟု၊ အာနန္ဒာအလောင်းဖြစ်တဲ့ မင်းကြီးကလျှောက်သော် ဘုရားအလောင်းတော်သက်ပွရသေ့ကြီးက၊ ကိလေသာမြားစူးဝင်ရာ၊ အနာဝကို၊ သင်တို့မမြင်ရဘူး။ ရာဂရေဖြင့်၊ မိစ္ဆာဝိတက်ကျောက်မှာ ထက်စွာသွေးထားသော၊ သမုဒယသစ္စာ၊ တဏှာဆိပ်လူးမြားဖြင့်၊ နှလုံးသားကို၊ ထိုးထားတယ်၊ ငါ့မြားကိုငါချွန်၊ ငါကလွှန်လို့၊ ငါ့နှလုံးသားကို။ ငါ့ဟာငါထိုး၊ ဒုက္ခအမျိုးမျိုးကို ငါ့ဟာငါဆောင်၊ တကိုယ်လုံးပူလောင်လှတယ်၊ ။

သမုဒယသစ္စာ၊ တဏှာကွဲ့ အဆိပ်မြား၊ စူးဝင်လျှင်၊
ဒုက္ခအစဉ်ခံတော့၊ ဈာန်ယာဉ်ပြန် ရသေ့ကြီးမှာ၊
တဏှာကို လက်ခံမိုးတယ်၊ မြားမှန်လို့ညီး။ ။

**(တိကနိပါတ ၁-သက်ပွဝဂ္ဂ-၁၊ သက်ပွ ရာဂဇာတ်အဋ္ဌကထာ (၂၄၀)**

## ၅၇။ ဟရိတစ ဈာန်ပြန်ရသေ့၊ ဈာန်ငွေ့ကင်းလပ်၍၊ အတောင်ပြတ်တဲ့၊ ကျီးငှက်လိုဖြစ်ခြင်း။

ကောင်းကင်ပြန် ဈာန်ပျော်မွေ့တဲ့ ဟရိတစ ရှင်ရသေ့လို၊ အတွေ့ကို မရှောင်လျှင်၊ ယင်ကောင်တသင်းကို၊ ဆင်ပြောင်ကနင်းတာလို၊ ညှင်းသတ်လိမ့်မယ်။ ။

တင့်တယ်သည်ဟု အမှတ်ပြုပြီး၊ ရာဂနှင့်စပ်လျက်၊ ယုတ်မာသောဝိတက်၊ အဖြာဖြာဖြင့်၊ သမုဒယသစ္စာ၊ တဏှာက ကလိလျှင်၊ ပညာရှိနှင့်၊ ဈာန်ယာဉ်ရှိတို့၊ မချိအောင် ခံရမြဲ၊ ပညာရှိတဲ့၊ ဟရိတစ ဈာန်ပြန်ရသေ့ ဈာန်ငွေ့ကင်းလပ်၍၊ အတောင်ပြတ်တဲ့၊ ကျီးငှက်လို၊ ပြန်မတက်နိုင်ပေ၊ တဏှာသည်၊ ...င်းအောင်ပြုတတ်တယ်၊ လောလောလပ်လပ်၊ သေစေတတ်သော၊ အဆိပ်နှင့် တူတယ်၊

**(ပါဠိဇာတ်ပါဠိတော် နဝကနိပါတ ၅ ဟရိတ ဇာတ် အဋ္ဌကထာ ၄၇၃)**